

# မေ့အိပ်မက်

ဂျာနယ်ကျော်မမလေး

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သိပ္ပံရသစာပေ – (၉၃)

# မေ့အိပ်မက်

## ဂျာနယ်ကျော်မမလေး

၁၉၅၅ခု၊ ဖေဖော်ဝါရီလထုတ်၊ ရှုမဝအတွဲ(၈)၊ အမှတ်(၉၃)တွင်
ရေးသားခဲ့သည့်ဝတ္ထုအား
လုံးချင်းအဖြစ် ထုတ်ဝေခြင်းဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၀၃၄၀၅၀၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၀၆၉၀၅၀၁

| | |
|---|---|
| ပုံနှိပ်မှတ်တမ်း | ■ **ပထမအကြိမ်**<br>၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ<br>သီဟရတနာစာပေ |
| အုပ်ရေ | ■ (၁၀၀၀) |
| ထုတ်ဝေသူ | ■ ဦးသိန်းစိုး<br>(မြ–၀၃၉၈၂)<br>(သီဟရတနာစာပေ)<br>အမှတ် (၁၀၀–D)၊ အင်းယားလမ်း၊<br>ကမာရွတ်မြို့နယ်။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ် | ■ ဒေါ်ခင်အေးမြင့်<br>(ရာပြည့်အော့ဖ်ဆက်)<br>၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်။ |
| ကွန်ပျူတာစာစီ | ■ Dream City |
| မျက်နှာဖုံးဒီဇိုင်း | ■ THIHA GROUP |
| စာအုပ်ချုပ် | ■ ကိုမြင့် |
| တန်ဖိုး | ■ (၅၀၀) ကျပ် |

# ဂျာနယ်ကျော် မမလေး [၁၉၁၇-၁၉၈၂]

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့ ကမာကလူကျေးရွာ၌ အဖ ဒေါ်ဆင်သင်း မန်နေဂျာ ဦးမျိုး၏ အမိ ဒေါ်ထွေးတို့က ၁၉၁၇ ခု ဧပြီလ ၁၃ ရက် သင်္ကြန်နေ့တွင် မွေးဖွားသည်။ မွေးချင်း ငါးဦးအနက် စတုတ္ထမြောက်ဖြစ်သည်။ အမည်ရင်း မတင်လှိုင်ဖြစ်သည်။

၁၉၂၂ ခုတွင် ဖျာပုံအေဘီအမ်ကျောင်း၌ ကျောင်းစနေခဲ့သည်။ ဘိုကလေးမြို့ အစိုးရကျောင်းမှ ၁၉၂၇ ခုတွင် သတ္တမတန်းအောင်သည်။ ထို့နောက် ရန်ကုန်မြို့ ဗြိုမ အမျိုးသမီးကျောင်း၌ နဝမတန်း (၁၉၃၂)အထိ ပညာသင်ကြားခဲ့သည်။ ၁၉၃၈ ခုတွင် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာချုပ် ဦးချစ်မောင်နှင့် လက်ထပ်သည်။ ၁၉၄၆ ခု ဧပြီလ ၃ ရက်တွင် ခင်ပွန်း ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်၍ သားနှစ်ဦးနှင့် သမီးတစ်ဦး ကျန်ရစ်ခဲ့သည်။ ၁၉၅၀ ခု မေလ ၁၄ ရက်တွင် ဦးအောင်စေယျာနှင့် အိမ်ထောင်ပြုသည်။

ဘိုကလေးမြို့ တို့ဗမာအစည်းအရုံးတွင် အဖွဲ့ဝင်နှင့် ထက်မြက်သော အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ (၁၉၃၆-၃၇) ဂျာနယ်ကျော် ထုတ်ဝေသူ၊ ဂျာနယ်ကျော်နှင့် ပြည်သူ့ထက်တိုင် သတင်းစာ အယ်ဒီတာ (၁၉၄၉)၊ အမျိုးသမီး ကလောင်ရှင်အသင်း ဒုတိယဥက္ကဋ္ဌနှင့် ကလောင်ရှင်မဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာ(၁၉၄၇)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ (၁၉၄၈-၄၉) မြန်မာနိုင်ငံ စာရေးဆရာ စာပေကလပ် အတွင်းရေးမှူး (၁၉၆၁-၆၂) တာဝန်များကို ထမ်းဆောင်ခဲ့သည်။ တရုတ်နှင့် ဆိုဗီယက်သို့ ယဉ်ကျေးမှုကော်မတီ အဖွဲ့ဝင် (၁၉၅၂)၊ အာရှတိုက် စာရေးဆရာများ ကွန်ဖရင့် [နယူးဒေလီ] (၁၉၅၅)၊ အာဖရိကအာရှ ကွန်ဖရင့် [ဂျပန်] (၁၉၅၈)၊ ဂျပန်ဘာသာပြန် "သွေး" ဝတ္ထုအတွက် ဂုဏ်ပြုဖိတ်ကြားခြင်း[ဂျပန်] (၁၉၈၀) စသည်ဖြင့် နိုင်ငံရပ်ခြားသို့ သွားခဲ့သည်။

ပုဂ္ဂိုလ်ရေး 'ပင်စာ'တစ်စောင်ကို ထို့ပြင်ဆောင်းပါးရေးရာမှ သတင်းစာတိုက်နှင့် ဆက်သွယ်မိပြီး စာပေနယ်ထဲ ရောက်ခဲ့သည်ဆို၏။ "အမျိုးသမီးများ'ကကြီးသတ်' ညာဏ်မှိုပြရန်" (မြန်မာ့အလင်း၁၉၃၆-၃၇)သည် ပထမ ပုံနှိပ်ဆောင်းပါးဖြစ်သည်။ ပထမ ပုံနှိပ်ဝတ္ထုမှာ "မသိရပေခြင်း" [ဂျာနယ်ကျော်၊ ၃၁-၅-၁၉၄၁]ဖြစ်သည်။ ထင်ရှားသော စာအုပ်များမှာ **သူမ**(၁၉၄၅)၊ **သူလိုလူ** (၁၉၄၇)၊ **သူလိုမိန်းမ** (၁၉၄၈)၊ **နှမကြီး**(၁၉၄၈)၊ **စိတ်**(၁၉၅၁)၊ **ကျွန်မခင်ပွန်း** (၁၉၅၂)၊ **မုန်းရွေ့မာဟူ** (၁၉၅၅)၊ **သွေးတစ်နှိပ်နှိပ်** (၁၉၅၈)၊ **လူတစ်မျက်နှာ** (၁၉၆၅)၊ **ရိုးနှင့်သောင်ရွှေ** (၁၉၆၇)**ရင်မှတကျွန်** (၁၉၇၀)၊ **သွေး** (၁၉၇၃) တို့ဖြစ်ကြ၏။ **မုန်းရွေ့မာဟူ**မြင် ၁၉၅၅ စာပေဗိမာန်ဆု၊ **သွေးတစ်နှိပ်နှိပ်**ဖြင့် ၁၉၆၃ ခု အာရှပညာစာပေဆု (ဖွေ့ထိုးပေါင်းချုပ် ထုတ်ဝေ) ရရှိခဲ့သည်။ နိုင်ငံခြားဘာသာသို့ ပြန်ဆိုခဲ့သည်များမှာ **ခြိုက်ကလေးတစ်ခင်** (ဂျပန်-၁၉၆၈)၊ **သွေးတစ်နှိပ်နှိပ်** (ရုရှ-၁၉၈၄)၊ **သွေး** (ဂျပန်-၁၉၇၇)၊ **မုဆိုးမ** (အင်္ဂလိပ်)၊ **မုန်းရွေ့မာဟူ** (ရုရှ၊ ဥဇဘက်၊ ပြင်သစ်၊ အမေရိကန်အင်္ဂလိပ်) တို့ ဖြစ်ကြသည်။ ဂျာနယ်ကျော်မမလေး၏ ကလောင်ခွဲများမှာ ရမဝဇိုင်း၊ လှထန်းနိုင်ဘိုကလေး မောင်လှိုင်တို့ ဖြစ်ကြသည်။ စာရေးဆရာ၊ သတင်းစာဆရာ အဖြစ်သာမက တိုင်းရင်းဆေးပညာရှင် အဖြစ်လည်း ထင်ရှား၏။ **ဆေးပညာဆောင်းပါးများ** (၁၉၆၂)၊ **မြန်မာ့ဆေးပညာ** (၁၉၆၇)ကို ပြုစုခဲ့သည်။ ၁၉၈၂ ခု ဧပြီ ၆ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

# ဂျာနယ်ကျော် မမလေး [၁၉၁၇-၁၉၈၂]

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့ ကမာကလူကျေးရွာ၌ အဖ ဒေါ်ဆင်သက် မန်နေဂျာ ဦးဖွားမြို့ အမိ ဒေါ်ထွေးတို့က ၁၉၁၇ခု ဧပြီလ ၁၃ ရက် သောကြာနေ့တွင် မွေးဖွားသည်။ မွေးချင်း ငါးဦးအနက် တတိယမြောက်ဖြစ်သည်။ အမည်ရင်း မတင်လှိုင်ဖြစ်သည်။

၁၉၂၂ ခုတွင် ဖျာပုံအေဘီအမ်ကျောင်း၌ ကျောင်းစနေခဲ့သည်။ ဘိုကလေးမြို့ အစိုးရကျောင်းမှ ၁၉၂၇ ခုတွင် သတ္တမတန်းအောင်သည်။ ထို့နောက် ရန်ကုန်မြို့ မြို့မ အမျိုးသမီးကျောင်း၌ နဝမတန်း (၁၉၃၂)အထိ ပညာသင်ကြားခဲ့သည်။ ၁၉၃၆ ခုတွင် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာချုပ် ဦးချစ်မောင်နှင့် လက်ထပ်သည်။ ၁၉၄၆ ခု ဧပြီလ ၃ ရက်တွင် ခင်ပွန်း ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်၍ သားနှစ်ဦးနှင့် သမီးတစ်ဦး ကျန်ရစ်ခဲ့သည်။ ၁၉၅၀ ခု မေလ ၁၄ ရက်တွင် ဦးအောင်စေယျနှင့် အိမ်ထောင်ပြုသည်။

ဘိုကလေးမြို့ ထိုစဉ်ကအစည်းအရုံးတွင် အဖွဲ့ဝင်နှင့် ထက်စေတ် အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ (၁၉၃၆-၃၇) ဂျာနယ်ကျော် ထုတ်ဝေသူ၊ ဂျာနယ်ကျော်နှင့် ပြည်သူ့ထက်တိုင် သတင်းစာ အယ်ဒီတာ (၁၉၄၉) အမျိုးသမီး ကလောင်ရှင်အသင်း ဒုတိယဥက္ကဋ္ဌနှင့် ကလောင်ရှင်မဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာ(၁၉၄၇) မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ (၁၉၄၈-၄၉) မြန်မာနိုင်ငံ စာရေးဆရာ စာပေကလပ် အတွင်းရေးမှူး (၁၉၆၁-၆၂) တာဝန်များကို ထမ်းဆောင်ခဲ့သည်။ တရုတ်နှင့် ဆိုဗီယက်သို့ ယဉ်ကျေးမှုကော်မတီ အဖွဲ့ဝင် (၁၉၅၂) အာရှတိုက် စာရေးဆရာများ ကွန်ဖရင့် [နယူးဒေလီ] (၁၉၅၅) အာဖြိုအဆန်ကျင်ရေး ကွန်ဖရင့် [ဂျပန်] (၁၉၅၈) ဂျပန်ဘာသာပြန် "သွေး" ဝတ္ထုအတွက် ဂုဏ်ပြုဖိတ်ကြားခြင်း[ဂျပန်] (၁၉၈၀) စသည်ဖြင့် နိုင်ငံရပ်ခြားသို့ သွားခဲ့သည်။ ပုဂ္ဂိုလ်ရေး 'ပစ်စာ'တစ်စောင်ကို တုံ့ပြန်ဆောင်းပါးရေးရာမှ သတင်းစာတိုက်နှင့် ဆက်သွယ်မိပြီး စာပေနယ်ထဲ ရောက်ခဲ့သည်ဆို၏။ "အမျိုးသမီးများ'ကကြီးသတ်' ညက်ရှိကြရန်" (မြန်မာ့အလင်း၁၉၃၆-၃၇)သည် ပထမ ပုံနှိပ်ဆောင်းပါးဖြစ်သည်။ ပထမ ပုံနှိပ်ဝတ္ထုမှာ "မသိရသေးခြင်း" [ဂျာနယ်ကျော်၊ ၃၁-၅-၁၉၄၁]ဖြစ်သည်။ ထင်ရှားသော စာအုပ်များမှာ **သူမ**(၁၉၄၄)၊ **သူလိုလူ** (၁၉၄၇)၊ **သူတို့ခိုနိုးမ** (၁၉၄၈)၊ **နှင်းပြီး**(၁၉၄၈)၊ **စိတ်**(၁၉၅၁)၊ **ကျွန်မ၏ခင်ပွန်း** (၁၉၅၂)၊ **မုန်းလျှင်မုန်း** (၁၉၅၅)၊ **သွေးတစ်စက်စက်** (၁၉၅၆)၊ **လူတစ်မျက်နှာ** (၁၉၆၅)၊ **ရင်နှင့်ဆောင်မှာ** (၁၉၆၅)၊ **ရင်မှတစ်ချစ်** (၁၉၇၀)၊ **သွေး** (၁၉၇၃) တို့ဖြစ်ကြ၏။ **မုန်းလျှင်မုန်း**ဖြင့် ၁၉၅၅ စာပေဗိမာန်ဆုရ **သွေးတစ်စက်စက်**ဖြင့် ၁၉၆၃ ခု အမျိုးသားစာပေဆု (ဝတ္ထုတိုပေါင်းချုပ် တတိယဆု) ရရှိခဲ့သည်။ နိုင်ငံခြားဘာသာသို့ ပြန်ဆိုခဲ့သည်များမှာ **မြစ်တစ်စင်းတစ်ဝင်** (ဂျာမန်-၁၉၆၈) **သွေးတစ်စက်စက်** (ရုရှ-၁၉၆၄) **သွေး** (ဂျပန်-၁၉၇၇) **မုန်းမိုးမ** (အင်္ဂလိပ်) **မုန်းလျှင်မုန်း** (ရုရှ ဥဇဘတ်၊ ပြင်သစ်၊ တရုတ်၊ အင်္ဂလိပ်) တို့ ဖြစ်ကြသည်။ ဂျာနယ်ကျော်မမလေး၏ ကလောင်ခွဲများမှာ ရေဝတီ၊ လှတင်နိုင်းဘိုကလေး တင်လှိုင်တို့ ဖြစ်ကြသည်။ စာရေးဆရာ၊ သတင်းစာဆရာ အဖြစ်သာမက တိုင်းရင်းဆေးပညာရှင် အဖြစ်လည်း ထင်ရှား၏။ **ဆေးပညာဆောင်းပါးများ** (၁၉၆၂) **မြန်မာ့ဆေးပညာ** (၁၉၆၇)ကို ပြုစုခဲ့သည်။ ၁၉၈၂ ခု ဧပြီ ၆ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

လရောင်သည် မျက်နှာတည့်တည့်သို့ ထိုးလျက်ရှိရာ လှပအေးမြသော လရောင်၏ အငွေ့အသက်ကို တသက်သက်ဖြစ်ရင်း ဂါထာကို (၉) ခေါက်ပြည့်အောင် ရွတ်ဆိုနေပေ၏။

ဤမျှလောက် ဆိတ်ငြိမ်ဝပ်သော ယနေ့ညဉ့် လရောင်ထဲတွင် မိမိကိုယ်တိုင် ရွတ်ဆိုနေသော ဂါထာသံကို အရုပ်တစ်ပါးမှ ညင်းညင်းငြိမ့်ငြိမ့် လွှင့်လာသံမျိုး မှတ်ထင်ကြားနာခံစားမိလျက် စောစောကထက် ပို၍ ကြည်နူးလာမိလေသည်။ ကြည်နူးခြင်းသည် သူ့အား ငြိမ်းချမ်းစေ၏။

အတိုင်းမသိသော ငြိမ်းချမ်းခြင်းသုခကြောင့် ရင်ထဲ၌ ငြိမ့်ရွှန်းအေးမြလာလေသည်။

လမင်း၏ ဘေးပတ်ရံ၌ ခြံရံလျက် ရှိကြကုန်သော ကြယ်တာရာတို့သည် ခါတိုင်းမြင်နေကျထက် လွန်ကဲ၍ ရူးရူးလက်လက် တောက်ပြောင်နေကြသည်။

ထိန်လင်းနေသော လပြည့်ဝန်း၏ နောက်၌ ရှိသော ကောင်းကင်ထုပြင်ကြီးမှာ နီလာကျောက်ဖျာကြီးကဲ့သို့ ပိန်းပြာမှိုင်းနေကာ လရောင်နှင့် တူယှဉ်ပြိုင် ပဏာရနေ၏။

တင်မလေးသည် မိုးလယ်တစ္ခင်သို့ ရူးစိုက်ကာ ကြည့်နေစဉ် လ၏ အနီးတစ်ဝိုက်ရှိ ထုထည်ပြင်ကြီးသည် နိမ့်တုံမြင့်တုံ မို့ကြွလှုပ်ရှားသွားသလို ထင်ရလေကာ မိုးသားကြီးသည် တသားတည်းရှိရာမှ ကွဲဟသွားလေ၏။

အလုံးစုံသော ကြန်အင်လက္ခဏာတို့ဖြင့် ကြည်ညိုဖွယ်ရာ သပ္ပာယ်လှသော ရဟန္တာတစ်ပါးသည် ဘွားခနဲ ထွင်းဖောက် ရုပ်ပေါ်လာလေသည်။

ဆန်းကြယ်သော စိတ်ကူးတို့ဖြင့် ဖန်ဆင်း၍ ထင်မြင် ကြည်ညို ကြည့်လိုက်သော ရဟန္တာပုံကို ကောင်းကင်၌ ရဟန္တာအစစ်သည် အကယ်ထင်ရှား ရုပ်တော်မူနေဟန် စိတ်မှန်းဖြင့် အာရုံပြု၍ ထားသည်။

သူသည် ငြိမ်သက်၍ သွားချေပြီ...

ရဟန္တာသူမြတ်၏ ရုပ်သဏ္ဍာန်၌ ကီလေသာ ကင်းစင်လျက် ဖြူစင်ကိန်းဝပ်သော အသရေတော်ကို ရည်မှန်းကြည်ညို ဝင်စားနေခိုက်၊ သူ၏ကိုယ်သည် ဖက်ရွက်ကလေးလို ပေါ့ပါးလျက် ရှိနေသည်။ တဒင်္ဂ၊ တစ်ခဏ ပျော့ပျောင်း နူးညံ့သွားလျက် စိတ်နှလုံးသိမ်မွေ့ တည်ငြိမ်ကာ မခံစားစဖူး ခံစားချမ်းမြေ့ ပျော်မွေ့နေပေ၏။

မြောက်လေသည် ညင်းညင်းသာသာ တိုက်ခတ်လျက် ရှိသည်။ ဆောင်တော်ကူး ပန်းနံ့တို့သည် လေအဟုန်တွင် ခိုစီးကာ သင်းကြိုင်ပျံ့မွှေးနေသည်။ အုတ်နီလမ်းမကြီးပေါ်၌ သဲမှုတ်ထား၍ သဲများ ကြဲဖို့ထားလေရာ လရောင်သွန်းလောင်းထားသော သဲပွင့်တို့သည် စိန်ရောင် ငွေရောင်ထွက်ကာ တဖိတ်ဖိတ် လက်နေကြလေသည်။

မနီးမဝေး၌ရှိသော ဂါတ်တဲမှ သံချောင်းခေါက်လိုက်သည်။ တင်မလေးသည် တစ်ခုတည်းသော အာရုံတွင် နှစ်

ဝင်ငြိမ်သက်နေရာက လှုပ်ရှားလာကာ ပတ်ဝန်းကျင်ကို မြင်မိလျက် အသံကြားရာ ဂါတ်ဘက်သို့ မျှော်ကြည့်လိုက်သည်။ အချုပ်ထောင်၏ အမိုးကို မြင်ရသည်။ အချုပ်ထဲတွင် ရှိကြသော အကျဉ်းသမားများ၏ ဘဝကို ကွက်ခနဲ မြင်ယောင်လိုက်မိသည်။

မိမိမှာ လရောင်၏ အေးမြသော သုခကို ခံစားလျက် သောကကင်းဝေး ချမ်းမြေ့သာယာနေပေသည်။

လရောင်ထဲတွင် ပူဆွေးသောကရောက်လျက် စိတ်ဆင်းရဲနေကြမည့် အကျဉ်းသမားများနှင့် နှိုင်းယှဉ်ကြည့်မိကာ ချက်ချင်းအာရုံပြောင်း၍ မသာမယာ ဖြစ်လာသည်။

အချုပ်ထဲ၌ ကြိုးစင်တွင် သေဒဏ်သင့်မည့်သူ၊ ထောင်ထဲ၌ နှစ်ကြီးကျမည့်သူများ ရှိကြပေမည်။ မိကွဲ၊ ဘကွဲ၊ သားကွဲ၊ မယားကွဲ၊ ဪ…ဒုက္ခ…ဒုက္ခ။

စောစောက ကြည်လင်အေးမြနေသော စိတ်သည် ရှုပ်ထွေးနောက်ကျိသွားလေ၏။ ကောင်းကင်တွင် ရဟန္တာကား မရှိတော့ပြီ။ အုတ်ချပ်ကလေးတွေ စီတင်ထားသော အုတ်နံ့ရံထောင်တံတိုင်းကြီးနှင့် ကြိုးစင်ကို မျက်စိထဲ၌ ပျောက်ကွယ်သွားအောင် အချုပ်ထောင်နှင့် မလှမ်းမကမ်းတွင်ရှိကြသော အဆောက်အအုံများဆီသို့ လွှဲပြောင်းလိုက်ရသည်။

သုံးထပ်တိုက်ပေါ်၊ လသာဆောင်ခန်းမမှ ဆီး၍ မြင်ရသော ရှုခင်းကား၊ မျက်နှာမူရာတည့်တည့်၊ လမ်းမကြီး

ထိပ်၌ ပိတ်ဆီးဆောက်ထားသော ဆေးရုံအဆောက်အအုံ တိုက်တန်းလျားကြီး ရှိသည်။ ဆေးရုံကြီးမှာ လရောင်အောက်တွင် ငြိမ်ဝပ်တိတ်ဆိတ်လျက်ရှိနေ၏။ ဆေးရုံထဲ၌ ဝေဒနာခံစားလျက် သံခုတင်ပေါ်တွင် လဲလျောင်းနေကြမည့် လူနာများကို တွေးမိပြန်သည်၊

တင်မလေးသည် လရောင်ဖြင့် ကြည်နူးချမ်းမြေ့နေစဉ်အတွင်း အနိဋ္ဌာရုံများ ဝင်မလာအောင် ပယ်ရှားဖျောက်ဖျက်ပစ်ရသည်။ ဆေးရုံတန်းလျားတစ်ဖက်၌ မြင်နေရသော ရင်နွဲ့ရုံကို မကြည့်လို မမြင်လို၍ ကမျာကယာ မျက်နှာလွှဲကာ ရုံးဘက်သို့ လှည့်လိုက်လေသည်။

အုတ်ကြွပ်မိုး ပျဉ်ထောင် ရေနံသုတ်လျက် နှစ်ထပ်ဆောက်ထား၍ မြင့်မြင့်မားမား ထင်းနေသော ရုံးကြီးသည် ညအချိန် ဆိတ်သုဥ်းလျက် နေပေ၏။

ရုံးရှေ့ လမ်းတစ်လမ်းခြားလျက်ရှိသော ဘုန်းကြီးကျောင်းဝင်းကြီးထဲ၌ ကျောင်းတိုက်တစ်ခုတွင် မီးရောင်များ မြင်ရလေသည်။

ထိုကျောင်းတိုက်ထဲမှ စာပြန်နေသော ကိုယ်တော်များ၏ အသံသည် သဲ့သဲ့ကလေး ပေါ့လာလေသည်။ ဂရုစိုက်၍ နားထောင်မှ ဆွဲဆွဲငင်ငင် ညည်းအံ့နေသော တရားသံကို ကျက်မိသည်။ တစ်ချက်တစ်ချက် လွင့်လာသော တရားသံကား ပျောက်လိုက် ပေါ်လိုက်ဖြင့် မသဲကွဲချေ။ အသံကို ဆွဲငင်လျက် သံနေသံထား ရွတ်အံ့နေ၍ သဲ့သဲ့၊ သဲ့သဲ့ကြား

ရသမျှသော တရားသံကို နွဲ့ငြိနှစ်ခြိုက်လျက် နားစွင့်ကာ အာရုံစိုက် နားထောင်နေ၏။

စိတ်များပြန်၍ ကြည်လင် လန်းဆတ်လာပြန်သည်။ ကောင်းကင်မှ လသည် ပြောစရာမရှိ၊ သာသည်ထက် သာလာလေ၏။ ပူပင်သောကမရှိ၊ အဆီးအတားမရှိသည့် အရောင်၏ ဝင်းပတောက်လင်းသောအသိကို သေသေချာချာ ခံစားနေမိပြန်သည်။

ဘုန်းကြီးကျောင်းဝင်းနောက်ရှိ တစ်မြို့လုံးသုံး ခပ်သောက်ကြသော ရေကန်ကြီးထဲဝယ်၊ ကြာပန်းကြာစွယ်တို့သည် လရောင်၏ စက်ဝန်းထဲ၌ မိနေကာ ရေပေါ်တွင် ညွှတ်လျက် မှေးငိုက်မြည်းနေကြပေ၏။

အိမ်ထောင့်၌ရှိသော မာတ်တိုင်မှ မီးလုံးကို ငုံ၍ကြည့်သည်။ အင်အားနည်းနေရှာသော မီးရောင်ကလေးသည် လရောင်ထဲ၌ ဝါကြန့်ကြန့်ဖြစ်နေကာ နေ့ခင်းကြောင်တောင် လက်နှိပ်ဓာတ်မီးထိုးထားသလို တွေ့ရလေ၏။

အိမ်ပေါ်မှ ဆီး၍ မြင်မြင်သမျှ လရောင်ထိန်ထိန်သာနေသော ကမ္ဘာလောကကြီးကို သိမ်းကျုံး၍ အားရပါးရ ဝဝကြီး ကြည့်လိုက်ပြီးနောက် အိမ်ထဲသို့ ဝင်လာခဲ့သည်။

အိမ်ခန်းထဲ၌ မှန်တံခါးမှ ဝင်နေသော လရောင်မှာ ပြောင်ပြောင်ထင်းထင်းမဟုတ်၊ မှုန်လှဲ့လှဲ့ဖြစ်နေသည်။ တင်မလေးသည် တံခါးကိုဖွင့်လှစ်ကာ သံတိုင်ကြားမှ လမင်းကို တစ်ချက် မော်ကြည့်လျက် အိပ်ရာပေါ်၌ လှဲချလိုက်

သည်။ အိပ်ရာပေါ်၌ မလှုပ်မယှက် ပက်လက်လန်နေလျက် လရောင်ကို ခံယူရင်း တစ်ကိုယ်လုံးတွင် အေးမြကြည်လင်နေကာ မျက်လုံးများ မှေးထားလေသည်။ တင်မလေးကား တဖြည်းဖြည်း ငြိမ်ကျသွားလေပြီ။

ကောင်းကင်မှ နတ်မြင်းသည် ပျံသန်းလျက် လာချေပြီ။ တင်မလေးသည် အိမ်ပေါ်မှ ပြေးဆင်းသွားကာ အိမ်ထောင့်၌ရှိသော မာတ်တိုင်အောက်၌ ရပ်လျက် နတ်မြင်းပျံကို မော့ကြည့်နေ၏။

နတ်မြင်းကို စီးချင်သော အာသာငမ်းငမ်းစိတ်ဖြင့် ရင်ထဲ၌ ဖိုလှိုက်နေပေသည်။

နတ်မြင်းပျံသည် ခေါင်းပေါ်၌ လှည့်ဝဲလာခြင်းကြောင့် ရင်ပို၍ခုန်လာသည်။ "ဒီမြင်းကို စီးရရင် ဘယ်လောက်ကောင်းမလဲ"ဟု တသသနှင့် တမ်းတကာ မျက်တော်မခတ် မော့ကြည့်နေလေ၏။

နတ်မြင်းပျံသည် အမြင့်မှ မာတ်တိုင်ဖျားသို့ သက်ဆင်းလာနေသောအခါ တင်မလေးသည် မာတ်တိုင်ကို ဖက်လျက် "စီးရတော့မည်"ဟု ရင်ထဲ၌ တသိမ့်သိမ့်တုန်လျက် ရှိနေသည်။

မာတ်တိုင်ဖျားလောက်မှ အောက်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာပုံကို မြင်လျှင် အနားရောက်က အသင့်စီးလိုက်ရန် ပြင်ဆင်ထားလေ၏။ မကြာမီ နတ်မြင်းပျံသည် တက်နိုင်ရုံအနေသို့ ရောက်လာ၏။ တင်မလေးမှာ မြင်းပေါ်သို့

ဘယ်ပုံရောက်လျက် ဘယ်လိုမြောက်ပါသွားမှန်းပင် မသိတော့ကာ ကောင်းကင်သို့ မြင့်တက်သွားလေသည်။

ကောင်းကင်တွင် တရိပ်ရိပ် ပျံသန်းလျက်နေစဉ် အသည်းထဲ၌ အေးမြနေသော အသိကို ခံစားသွားရသည်။ ဘယ်ကိုပျံ၍ ဘယ်ရောက်မည်မှန်းမသိ၊ မြင့်သည်ထက်သာ မြင့်သွားကာ တိမ်တောင် တိမ်တုထဲသို့ တိုးဝင်ပျံသန်းနေလေ၏။ တင်မလေးသည် အောက်သို့ ငုံ့ကြည့်လိုက်သည်။ အောက်၌ ဘယ်အရာမျှ မမြင်ရတော့ဘဲ တိမ်ပြင်ကြီးဆိုင်းနေခြင်းသာ တွေ့ရလေသည်။

မြင်းပေါ်၌ လျင်မြန်သော အဟုန်ကို သတိထားမိသည်။ မကြောက်မရွံ့ ရဲရင့်သော သတ္တိကား လူဖြစ်မှ မဖြစ်စဖူး ထူးထူးကဲကဲ ဖြစ်ပေါ်နေ၏။

အမြင့်သို့ တက်ပျံသွားနေရာမှ တစ်ဖန် အနိမ့်သို့ ထိုးဆင်းနေသော အဟုန်ကြောင့် အောက်သို့ ငုံ့စိုက်ကြည့်လိုက်လာသည်။

အရာဝတ္ထုများကား တစ်စစ သဲကွဲလာချေပြီ။ သစ်ပင်၊ တောတောင်၊ ရေမြေတို့ကို ထင်ထင်ရှားရှား မြင်တွေ့ရသည်။

နတ်မြင်းပျံသည် တောအုပ်ကြီးအနီးသို့ သက်ဆင်းပျံသန်းနေသည်။ တောအုပ်ကြီးထဲ၌ ရဟန်းသံဃာများ စုဝေးလျက် ထိုင်စည်းဝေးနေကြပုံကို အပေါ်မှ ပြတ်ပြတ်သားသား မြင်တွေ့နေရသည်။

စည်းဝေး ဝိုင်းဖွဲ့ထိုင်နေကြသော ရဟန်းစုထဲမှ ရဟန်းတစ်ပါးသည် မတ်တတ်ရပ်ကာ တင်မလေးကို ကြိုဆိုဆောင့်လင့်နေ၏ မကြာမီ တင်မလေးသည် မြင်းပေါ်မှ မြေပေါ်သို့ ရောက်သွားလေသည်။

ဖူးတွေ့ရသော ရဟန်းပုဂ္ဂိုလ်သည် တင်မလေးကို လက်ပြလျက်ခေါ်ကာ တောလမ်းအတိုင်း တောထဲသို့ ဝင်သွားလေသည်။ တင်မလေးလည်း နောက်မှ ထက်ကြပ်လိုက်သွား၏။

မနီးမဝေးသို့ ရောက်ကြသောအခါ မြေပေါ်တွင် ပေါက်နေသော သစ်ပင်ကလေးနှစ်ပင်အကြား၌ ပေါက်နေသော အပင်တစ်ပင်ကို နှုတ်ယူကာ တင်မလေးဘက်သို့ လှည့်လျက် ကမ်းပေးရင်း နှုတ်က "ရော့ဆေး"ဟု ဆိုလိုက်၏။

တင်မလေးသည် ဆေးပင်ကို လှမ်းယူလိုက်စဉ် ဖျတ်ခနဲ အိပ်ရာမှ နိုးသွားလေသည်။

ထူးဆန်းသော အိပ်မက်ထဲ၌ စီးရသော နတ်မြင်းပျံနှင့် ဖူးရသော ဆရာတော်ဘုရား၏ သဏ္ဌာန်တို့သည် သေရာသို့ ပါသွားမည့်အထိ မျက်စိထဲ၌ ထင်ထင်ရှားရှားကြီး မပျောက်မပျက် စွဲသွားချေပြီ။

တင်မလေးသည် မျက်လုံးကို ပွတ်သပ်၍ ကြည့်သည်။ လရောင်သည် အပေါ်သို့ မြင့်တက်သွားပြီ။

နတ်မြင်းပျံကိုစီးကာ တောထဲမှ ဆေးပင်ကို ရခဲ့သော အိပ်မက်ထူးကို ဆန်းကြယ်လှချည့်ဟု ကြက်သီးမွေးညှင်းထမိတော့သည်။

အပြင်ဘက်၌ ဆောင်းလေသည် ဝှေ့ရမ်းတိုက်ခတ်နေလေသည်။ တင်မလေးမှာ အေးစိမ့်လာသဖြင့် ခြေရင်းကစောင်ကို ဆွဲယူလိုက်ကာ ကိုယ်ပေါ်သို့ ဖြန့်ခြုံလျက် တစ်ဖက်သို့ စောင်း၍ လှည့်လိုက်ပြီးနောက် မြင်းနှင့် ဆေးကို အနုလုံပဋိလုံ အတောမသတ် တွေးတောစဉ်းစားရင်း မျက်လုံးကျယ်နေလေ၏။

* * *

# (၂)

ကောင်းကင်၌ မိုးသားတိမ်တိုက်တို့သာ ရွေ့လျားပြေးလွှားနေပြီး မိုးမရွာပေ။ အိမ်ရှေ့ရှိ ရွက်လှပန်းပုံးထဲ၌ ရွက်လှပန်းတို့သည် နံနက်ခင်းတွင် ရွှင်လန်းစိမ်းစိုနေကြပေသည်။

ဒေါ်လှဲ့သည် အိပ်ရာမှ စောစောကြီးထကာ ဆေးလိပ်တစ်တိုနှင့် အိမ်ပေါက်ဝ၌ ထိုင်နေလေ၏။ လမ်းမဘက်သို့ မျက်နှာပြုထိုင်ကာ ဆေးလိပ်ကို ဖွာရှိုက်ရင်း ရင်တွင်း၌ ဝေခွဲ၍ မရနိုင်ဘဲ သက်ပြင်းကို မီးခိုးနှင့်အတူ မှုတ်မှုတ်ထုတ်နေသည်။

စစ်ပြီးခေတ် တောမှ ရန်ကုန်သို့ ပြောင်းလာကြသည်။ ရှိစုမဲ့စု အတွင်းပစ္စည်းကလေး ထုခွဲရောင်းချလျက် ကျောက်မြောင်းဘက်၌ မြေကွက်တစ်ကွက်ဝယ်ကာ ဝါးထရံ မိုးမိုးအိမ်ကလေးတစ်လုံးဆောက်လိုက်သည်။

အသက် ၆၀ အရွယ် ခင်ပွန်းသည် ဦးအောင်ညွန့်၏ မြေတိုင်းစာရေး ပင်စင်လစာကလေးမှာ သားသမီး ငါး ယောက်နှင့် မလောက်မင ကြပ်တည်းနေ၏။ ဒေါ်လှဲ့သည် ရပ်ကွက်ထဲ၌ အသီဆေးလိပ်ရုံကြီးတစ်ရုံတွင် ဆေးရိုးစစ်၊ ဖက်ရွေးအလုပ်ကို သွားလုပ်ပေးရသည်။ ဆေးလိပ်လိပ်တတ် သော်လည်း လေနာရောဂါရှိ၍ အညောင်းမထိုင်ဝံ့ပေ။ ဆေး လိပ်ခုံ၌ ဆေးစပ်၊ ဖက်ရွေးအလုပ်ကို သွားလုပ်ကိုင်ပေးကာ ခုံရှင်၏ ပေးစာကမ်းစာကလေးနှင့် ပင်စင်လစာ စုပေါင်း လျက် တစ်လနှင့်တစ်လ အလျင်မှီအောင် မနည်း ခြစ်ချုပ် သုံးစွဲရသည်။

ဦးအောင်ညွန့်မှာ လူအေးကြီးတစ်ယောက်ဖြစ်သည်။ ဒေါ်လှဲ့စီမံရာ နာခံကာ ထားရာတွင် နေရလေသည်။ ဒေါ်လှဲ့ ဆေးလိပ်ခုံသို့ ထွက်သွားလျှင် အိမ်ကနေ ထမင်းချက် ကလေးထိန်းရ၏။ အသက်ကြီးမှ မုဆိုးဘိုဘဝနှင့် မနေဘဲ နောက်အိမ်ထောင်ပြုကာ မယားငယ်ငယ် ယူလာခဲ့၍ သား နှစ်ယောက်မှာ အကြီးဆုံးက ၁၀ နှစ်သား ဖြစ်နေလျက် အငယ်က ၈ နှစ်သား ရှိသေးသည်။

သားနှစ်ယောက်ကို ကျောင်းထားရသဖြင့် လက်တို လက်တောင်းခိုင်းဖို့ရာ အားမကိုးရသေးပေ။ ၆ နှစ်၊ ၄ နှစ်၊ ၃ နှစ်ရွယ် သမီးကလေးသုံးယောက်ကို အိမ်အလုပ် လုပ်ရင်း ကြည့်ရှုထိန်းကျောင်းနေရ၏။

အငယ်ဆုံး သမီးထွေး အပုကလေး ရေငတ်ဝမ်းကျနာနှင့် သေမတတ်ဖြစ်လိုက်စဉ် ကနေ့ပြန်တိုးငွေချေးကာ ကုသခဲ့ရသောကြောင့် ရသည့် ဝင်ငွေထဲမှ အတိုးကို လစဉ်ဖဲ့ဆပ်နေကြရ၏။

ဆိုင်က လစာယူ စားသော ဆိုင်ကြွေးကလည်း တစ်လနှင့်တစ်လ ပြေလည်အောင်ပင် မရှင်းနိုင်ဘဲ လုံးလည်လိုက်နေတော့ကာ၊ ပင်စင်လစာကလေးမှာ ထုတ်လာတာနှင့် ပြောင်သွားလေ၏။ လက်ထဲ၌ အရေးအကြောင်းရှိလို့မှ တစ်ဆယ်၊ ကိုးကျပ်မရှိ၊ အကြွေးများကလည်း နားပူလွန်း၍ ဒေါ်လှဲ့သည် အိမ်ကို ရောင်းပစ်ရန် မျက်စောင်းထိုးနေလေသည်။

"ဒီအိမ်ပေါ်နေပြီး ငတ်နေကြလို့ မဖြစ်ဘူး၊ အဘိုးကြီးရဲ့ အိမ်နဲ့မြေကိုရောင်း တော်ရာမှာ သွားနေပြီး ချေးဖြစ်ဖြစ်ရောင်းမှ…"

ဒေါ်လှဲ့က အိမ်ရောင်းရအောင် ဆွယ်တိုင်း ဦးအောင်ညွန့်သည် သဘောမတူဘဲ ခေါင်းကြီးကို ရမ်းကာ မှိုင်ငိုင်နေတတ်သည်၊ ဦးအောင်ညွန့်သည် အခြေကို မဖျက်ဝံ့ပေ။ ရန်ကုန်တွင် လူတွေ နေ့နေရာမရသလို ဖြစ်နေကြသည့်အတွင်း မိမိတို့မှာ အိမ်ကလေး မြေကလေး ရှိသေး၍ လမ်းဘေးပလက်ဖောင်းတွင် နေကြသော သူများတကာနှင့်စာရင် တော်ပါသေးရဲ့ဟု ဒီအိမ်ကလေးနှင့်သာ စိတ်ဖြေနေရပေသည်။

အလုပ်အကိုင် အကြံအစည်များကလည်း အပေါက် အလမ်းမတည့်၊ မီမီအသက်အရွယ်နှင့် ပင်ပင်ပန်းပန်းလည်း မလုပ်နိုင်၊ ငွေရင်းငွေနှီးကလည်း တစ်ပြားမှ မရှိ၊ လခစား အလုပ်တစ်ခုခု ရှာဖွေရန် ကြံစည်သော်လည်း အလုပ်က ရှား၍ အလုပ်ရှာမရပေ။ ရသည့် ပင်စင်လစာကလေးဖြင့် ပင် ကုပ်ကပ်သုံးစွဲဖို့ရှာသာ ရှိသည်။ အိမ်ရောင်းရေးကို လုံးလုံးသဘောမတူနိုင်ဘဲ ငြင်းဆန်နေပေသည်။

"တော့်အိမ်ကိုပဲ တော်ဖက်ပြီး ငတ်နေတော့ တော့် ကလေးတွေ ကျုပ်ရှာမကျွေးနိုင်ဘူး၊ တော်ကတော့ သေခါ နီးတော့ ဘယ်ပူမလဲ၊ ကျုပ်မှာသာ ကလေးတွေနဲ့ စားစရာ မရှိ၊ ဝတ်စရာမရှိ ဒုက္ခရောက်နေတာ ထမင်းကြမ်း ယပ်ခတ် စားချင်တဲ့ လူကြီး မြန်မြန်ရင်လဲ သေစမ်းပါတော်၊ ဒါမှ ကျုပ်အိမ်ရောင်းရမယ်"

ဒေါ်လှဲ့က ထိုင်ဆိုလျှင် ထိုင်လျက်၊ ထဆိုလျှင် ထ ကာ ဒေါ်လှဲ့၏ ဩဇာကို မသွေဖီသမျှ အိမ်ရောင်းရေးကို မူ တင်းတင်းကြီး ခေါင်းမာနေလေ၏။

ဒေါ်လှဲ့သည် ဆွယ်မရ၍ ခုနစ်သံပတ်လျက် ပါးစပ် ကြမ်းတိုက်ကြည့်သည်။ အိမ်ရောင်းအောင် မိုးလင်းက မိုး ချုပ် နားပူနားဆာ လုပ်ကြည့်သည်၊ ချော့မော့၍လည်း ပြောလေ၏။ ဘယ်လောက်ဆူပူ ဆဲဆို ရန်တွေ့နေစေ၊ ဦးအောင်ညွှန့်သည် မဖြဲဘဲ အိမ်ကို မရောင်းဘူးဟု စိတ် ထဲ၌ အခိုင်အမာ ဆုံးဖြတ်ထားလေ၏။

ညက အိမ်ရှောင်းရန်ပြောမရ၍ ရန်ဖြစ်ကြသည်။ ဒေါ်လှဲ့၏ ဆူပွက်သံသာ လူကြားလျက် ဦးအောင်ညွှန့်မှာ ဘာပြောနေနေ တုတ်တုတ်မျှ မလှုပ်ဘဲ ခေါင်းခါနေ၏။

"ဒီအဘိုးကြီး ကပ်ဖဲ့လုပ်နေတယ်၊ မနက်ကြရင် ကလေးတွေ ခေါ်ပြီး အိမ်ပေါ်က ဆင်းသွားမယ်၊ ဒင်းနဲ့ အိမ်နဲ့ ထားခဲ့မယ်"

ဒေါ်လှဲ့သည် နောက်ဆုံး ဤသို့ ပိုင်းဖြတ်ကာ မိုးလင်းကာနီးမှ အိပ်ပျော်သွားတော့သည်။

အိပ်ရာမှ အစောကြီးထလျက် ညက အကြံအတိုင်း အိမ်ကဆင်းသွားရန် မဝေခွဲနိုင်အောင် ဖြစ်နေသည်။ ကလေးတွေနှင့် ရုတ်တရက် ဘယ်သူ့အိမ်သွားနေရမည် မသိ၍ ဆင်းသင့် မဆင်းသင့် ချီတုံချတုံဖြစ်နေ၏။

ဒေါ်လှဲ့သည် လမ်းဘက်သို့ ငေးလျက်ရှိသည်။ လမ်းပေါ်၌ လူသွားလူလာ မရှိကြသေးဘဲ ရှင်းနေ၏။ ညက မိုးရွာထား၍ ခြံစည်းရိုးပတ်လည်၌ ပေါက်နေသော သစ်ပင်တို့မှာ လန်းလန်းစွင့်စွင့်ဖြစ်နေကြသည်။

"အဒေါ်လှဲ့ စောစောစီးစီး ထနေသလား"

ဒေါ်လှဲ့သည် အသံကြားရာဆီသို့ လှည့်ကြည့်လိုက်သည်။ ခြံဝ၌ ဆွယ်တာအင်္ကျီအနီ၊ ပိုးတွန့်လုံချည်နက်ပြာဝတ်လျက်၊ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ပါးချိုင့်ကလေးပေါ်အောင် ပြုံးလာသော တင်မလေးကို မြင်ရ၍ ကပျာကသီ အိမ်ဝမှ ထကြိုလေသည်။

"အလိုလေးတော်... တင်မလေးတော့ အသက်ရှည်ဦးတော့မှာပါပဲ၊ ညကပဲ မဆီမဆိုင် မတွေးဘဲနဲ့ တင်မလေး အိမ်လာတယ်လို့ အိပ်မက်မက်တယ်။ အိပ်မက်နယ်စင်းလိုက်တာ...လာ–လာ"

တင်မလေးသည် "ဘကြီးညွန့်ကော"ဟု ဆိုကာ အိမ်ထဲသို့ ဝင်ထိုင်လိုက်သည်။

"ပြောတတ်ပါဘူး...ထပလား...နောက်ဖေးမလား မသိဘူး၊ အခုဘယ်ကလာတာလဲ"

"စက်ပန်းထိုးရတာ ညောင်းလွန်းလို့ အဒေါ်လှဲ့ရယ် မနက်စောစော ထလမ်းလျှောက်တာ အဒေါ်လှဲ့မြင်တာနဲ့ ဝင်လာတာပါ"

ဒေါ်လှဲ့သည် ခါးက ထမီကိုဖြန့်လျက် ကိုယ်နှင့်ချပ်နေအောင် ပြင်ဝတ်ကာ တင်မလေးနှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်သည်။ အသက် ၄၀ ကျော်ရှိသေးလျက် သွားများ ကျိုးနေသဖြင့် အမယ်ကြီးအိုလို ပါးများချိုင့်နေကာ ပိန်ခြောက်နေ၏။

"ဆန်းပါတယ်တော်...ဆန်းပါတယ်...အဒေါ်လှဲ့ ညက မိုးလင်းကာနီးမှ အိပ်ပျော်တယ်။ အိပ်မက်ထဲ တင်မလေး အိမ်လာသတဲ့၊ အခုဝတ်တဲ့ အဝတ်အစားပဲလား မဆိုနိုင်ပါဘူး၊ ဟုတ်တယ် နီနီပဲ"

တင်မလေးသည် အသံထွက်အောင် ခစ်ခနဲရယ်လိုက်သည်။ "အိပ်မက်က စင်းလှချည်လား အဒေါ်လှဲ့ရဲ့"ဟု ပြောကာ ဆက်ရယ်နေလေသည်။

"အေးတော်...ကိုကြီးစည်ရာ အိပ်မက်နှယ်စင်းတာမှ သိပ်စင်းတာပဲ။ အိပ်မက်များ မက်လဲမက်ခဲ့ပါတယ်၊ မက်ပြီးလဲ ဘယ်တော့မှ မမှတ်မိတော့ဘူး မွေ့တာပဲ"

ဒေါ်လှဲ့၏ မျက်နှာကို စိုက်၍ ကြည့်နေသော တင်မလေးသည် တစ်စုံတစ်ရာကို သတိရနေသည့်ပမာ မျက်နှာတစ်ပြင်လုံး လန်းနေကာ စကားဆုံးအောင် ပြုံး၍နားထောင်နေသည်။

"ကျွန်မလဲ အိပ်မက်မက်ခဲ့ပါတယ်၊ မက်ပြီးလဲ မွေ့တာပဲ။ ဒါပေမဲ့ ကျွန်မ ငယ်ငယ်တုန်းက မက်တဲ့ အိပ်မက်ကိုတော့ ဘယ်တော့မှ မမေ့နိုင်ပါဘူး၊ အဒေါ်လှဲ့ရယ်"

အဒေါ်လှဲ့သည် တင်မလေးကို ရွှန်းရွှန်းစားစားကြည့်နေ၏။ တင်မလေးက ပြောပြီး မဆက်ဘဲနေ၍ "ဘာအိပ်မက်များတုန်း"ဟု ထောက်ပေးလိုက်သည်။

တင်မလေးသည် မျက်လုံးကို အထက်သို့ပင့်လိုက်ကာ ကောင်းကင်သို့ လှမ်းကြည့်ထားရင်း ပြုံးရွှင်ချိုမြသော မျက်နှာထားဖြင့် စပြောပြနေ၏။

"အိပ်မက်က အဆန်းပဲ အဒေါ်လှဲ့ရဲ့၊ ကျွန်မ ၁၈ နှစ်သမီးလောက်ကမက်တာ၊ ဒီတုန်းက ဖေဖေတို့ မေမေတို့ မသေကြသေးဘူး၊ တောမှာ ချမ်းချမ်းသာသာနဲ့ ကောင်းစားတုန်းအချိန်ပေါ့။ အိပ်မက်ထဲမှာ နတ်မြင်းပျံကြီးကို စီးပြီး ကောင်းကင်ပျံသွားတော့ တောအုပ်ထဲမှာ ဘုန်းကြီးတွေရှိတဲ့ နေရာရောက်သွားတယ်။ အဲဒီမှာ ဘုန်းကြီးတစ်ပါးက

ကျွန်မကို တောထဲခေါ်သွားပြီး သစ်ပင်ကလေးတစ်ပင် နှုတ်ပေးတယ်၊ ရော့ ဆေးလို့ ပြောလိုက်တယ်။ မက်ထားကြာ ပါပြီ ၁၀ နှစ်လောက် ရှိရောပေါ့၊ ကျွန်မပဲ အခု ၂၈ နှစ် ရှိနေပြီဟာပဲ။ ဒါပေမဲ့ ကျွန်မ ဘယ်တော့မှ ဒီအိပ်မက်ကို မမေ့နိုင်ဘူး။ ညက မက်သလိုပဲ အတိုင်းသား မျက်စိထဲ ပေါ်နေတာပဲ”

တင်မလေးသည် မီမီအား မျက်တောင်များ စင်းကာ စိုက်ကြည့် နားထောင်နေသော ဒေါ်လှဲ့ကို ပြုံးပြုံးရွှင်ရွှင် ပြောပြီးနောက် အိမ်ထဲသို့ မျက်နှာလှည့်၍ “ဘကြီးညွန့် နိုးပလား”ဟု လှမ်းနှုတ်ဆက်လိုက်သည်။

ဦးအောင်ညွန့်သည် မျက်နှာကို မျက်နှာသုတ်ပဝါပိုင်း ကလေးဖြင့် ရေသုတ်ထွက်လာရင်း “စောလှချည်လား ဘူမ ကြီး”ဟု ပြန်ပြောလိုက်သည်။

ဦးအောင်ညွန့်အိမ်ရှေ့သို့ ထွက်လာပြီးနောက် မောင်လှ နှင့် မောင်မြမောင်တို့ အိပ်ယာက ထလာကြသည်။ အိပ်မှုန်စုံမွှားဖြင့် တင်မလေးကို လှမ်းကြည့်ကြကာ အိမ်ဘေး ရေစင်ဘက်သို့ ထွက်သွားကြသည်။

အိမ်၏ အတွင်းခန်းထဲ၌ ကလေးငိုသံထွက်နေသည်။ ဒေါ်လှဲ့သည် အခန်းဘက်သို့ လှည့်ကြည့်ပြီး ထိုင်ရာမှထ ကာ “နေဦး…တင်မလေးရေ ဖြည်းဖြည့်ပေါ့၊ လက်ဖက် ရည်ကြမ်းသောက်သွားပါဦး”ဟု ပြောသည်။

တင်မလေးသည် ကလေးငိုသံကို နားစွင့်လျက် "ခုငိုနေတာ မနုလား၊ အပုလား၊ မစုလဲ မထသေးပါလား" ဟု ပြောရင်း ဆက်လက်၍ "နေပေစေ မသောက်တော့ပါဘူး အဒေါ်လှဲ့ရယ်၊ ဒီနေ့ မြို့ထဲမှာ စက်တစ်လုံးငှားမယ်ဆိုတာ သွားကြည့်ရဦးမယ်၊ ကျွန်မစက်က သိပ်မကောင်းလို့ ရောင်းလိုက်ချင်တယ်၊ အသစ်မဝယ်နိုင်ခင် အဟောင်းပဲ ငှားသုံးမလားလို့ သွားမယ်နော်"

တင်မလေးသည် ပြောပြောဆိုဆိုပင် ထ၍ အိမ်ပေါ်က ဆင်းလာခဲ့သည်။ ဒေါ်လှဲ့မှာ ကလေးဒေါ်ရန် အိမ်ခန်းထဲသို့ သွားမည်ပြုပြီးမှ ရပ်နေသည့် နေရာက မကြွဘဲ တင်မလေးကို မျက်စိတစ်ဆုံး ရပ်ကြည့်နေသည်။

အိမ်ထဲမှ ကလေးငိုသံကား ဆူညံနေသည်။ ဦးအောင်ညွှန့်သည် အိမ်တွင်းသို့ ဝင်သွားကာ အပုကို ချီပိုးလျက် ထွက်လာလေသည်။

အိမ်ရှေ့၌ အိမ်ထဲသို့ ဝင်မည့်ခြေလှမ်းဖြင့် ကိုယ်ဘောစောင်းရပ်လျက် လမ်းဘက်သို့ ကြောင်ငေးကြည့်နေတုန်းရှိသေးသော ဒေါ်လှဲ့ဆီသို့ မျက်မှောင်ကြုပ်၍ အနားကပ်သွားကာ "မယ်လှဲ့ ဘာများကြည့်နေတာတုန်း" ဟု လှမ်းမေးလိုက်သည်။

ဒေါ်လှဲ့သည် ဆပ်ခနဲ ဦးအောင်ညွှန့်ဘက်သို့ လှည့်လိုက်သည်။ အပုမှာ ဦးအောင်ညွှန့်ကိုယ်ပေါ်တွင် အငိုတိတ်ကာ မျက်လုံးကို လက်ကလေးနှစ်ဖက်ဖြင့် စုံပွတ်လျက်နေ၏။

"ကျုပ်တို့တော့ ချမ်းသာဦးတော့မှာပဲ၊ အမယ်လေး ကျုပ်ကံပဲ၊ အဘိုးကြီး ကျုပ်ကံပဲ"

ခေါ်လှဲ့သည် ထီပေါက်သော မျက်နှာမျိုး အူမြူးရွှင်ပျလျက်၊ မထိန်းနိုင် မသိမ်းနိုင်၊ ဣန္ဒြေပျက်လောက်အောင် မူမမှန်သော ဝမ်းမြောက်ဝမ်းသာအသံကြီးဖြင့် ရင်ဘတ်ကို ထု၍ ပြောလေ၏။

ဦးအောင်ညွှန့်သည် မျက်လုံးပြူးသွားလျက် ခေါ်လှဲ့၏ သွေးရူးသွေးတမ်းအမူအရာများကို အထူးအဆန်းဖြစ်ကာ စိတ်များ နောက်သွားသလားဟု အကဲမခတ်တတ်အောင် ထိတ်ခနဲဖြစ်သွားသည်။

"ထိုင်စမ်းပါဦး ဖအေကြီးရယ်၊ ကျုပ်ထင်တာ မလွဲပါဘူး၊ ကျုပ်အဖို့ပါ၊ ကျုပ်ကံပါ"

ဦးအောင်ညွှန့်သည် ပါးစပ်ဟောင်းလောင်းဖြင့်ပင် ခေါ်လှဲ့၏ မျက်နှာကို စိုက်ကြည့်လျက် ဖျဉ်ပက်လက်ကုလားထိုင်ကလေးရှိရာသို့ နောက်ဆုတ်နောက်ဆုတ် လျှောက်သွားကာ ခြေသလုံးနှင့် ကုလားထိုင်တိုက်မိမှ အသာစမ်းထိုင်ချလိုက်ရသည်။

ခေါ်လှဲ့သည် ဦးအောင်ညွှန့်နှင့် မျက်နှာချင်းဆိုင် ကြမ်းပေါ်တွင် ဆောင့်ကြောင့်လာထိုင်သည်။ မိမိအား သတိလစ်မတတ် ပြူးကြောင်ကြည့်နေသော ဦးအောင်ညွှန့်၏ ဟန်ပန်ကို ဂရုမပြုနိုင်။ ရင်ထဲရှိတာတွေ ပြောချင်လွန်းအားကြီး၍ ဘာကအရင်စပြောရမှန်း မသိအောင် မွန်နေသော

ကြောင့် အစီအစဉ်နှင့် ပြောရန် မနည်းကြိုးစားပြီး ပြော ရလေ၏။

"ဒီမှာရှင့်...တင်မလေးရယ်...စောစောစီးစီး ကျုပ်ဆီ ပေါက်လာပြီး သူ့အိပ်မက်ပြောသွားတယ်၊ ညကလဲ ကျုပ် အိပ်မက်တယ်၊ အိပ်မက်ထဲမှာ အိမ်လာတဲ့ မိန်းကလေး ဟာ သူနဲ့ တူသလိုလိုပဲ မဆန်းဘူးလား"

ဦးအောင်ညွန့်သည် ဟနေသော နှုတ်ခမ်းကို စေ့လိုက် ကာ မျက်ခုံးရှုံ့၍ "အဲဒါဘာဖြစ်သလဲ"ဟု မေးလိုက်၏။

"နေစမ်းပါဦး၊ ကျုပ်ပြောပါဦးမယ်၊ အဲ...သူ့အိပ်မက် က ဟို ၁၀ နှစ်လောက်က မက်တာတဲ့၊ ကောင်းကင်ကို မြင်းပျံကြီးစီးပြီး ပျံသတဲ့လေ၊ အဲဒီအိမ်မက်ကို ကျုပ်ဆီ ဒီနေ့မနက် စောစောစီးစီးကြီးလာပြောရတာ၊ ကျုပ်တို့ ချမ်းသာဖို့ အတိတ်လာပေးတာလို့ ကျုပ်တော့ နိမိတ် ကောက်လိုက်တယ်၊ ဒီနေ့ မြင်းသွားလောင်းမယ်"

ဦးအောင်ညွန့်သည် ဂုဏ်မြွေမဆည်နိုင်၍ ခွက်ထိုးခွက် လန် ရယ်ပစ်လိုက်ချင်သည်။ သည်လောက်စိတ်အားထက် သန်စွာ နိမိတ်ကောက် ယုံကြည်နေသော ဒေါ်လှဲ့ရှေ့တွင် ဟားတိုက်ပြီး မရယ်ဝံ့၍သာ ခပ်ချုပ်ချုပ် ရယ်မောလျက် "မင်းနှယ်ကွယ်"ဟု အပြီးသတ် ဆိုလိုက်လေသည်။

"ဘာရယ်နေတာလဲ ရှင် ဘာသိသလဲ၊ ဒါ ကျုပ်ကံ၊ ကျုပ်နိမိတ် မဟုတ်ဘူးလား၊ သူ့အိပ်မက်က ၁၀ နှစ် လောက် ရှိပြီဟာ"

"သူ့အိပ်မက်က သူ့အတွက်ပေါ့ကွဲ့၊ မင်းနဲ့ ဘာဆိုင်တာမှတ်လို့"

ဦးအောင်ညွန့်သည် ဒေါ်လှဲ့မာန်နေသည့်ကြားထဲ၌ ခွတ်တိုး၍ ကွန့်လိုက်မိသည်။

ဒေါ်လှဲ့သည် ဦးအောင်ညွန့်၏မျက်နှာကို စိမ်းစိမ်းကြီး ကြည့်လိုက်သည်၊ ထို့နောက် ခပ်ပြင်းပြင်း တောက်ခေါက်လိုက်လျက်...

"ရှင်ကြီးဟာလေ...မပြောလိုက်ချင်ဘူး၊ သေခါနီးနေတာတောင် အရိုန်မစီးဘူး၊ ရှေးက ငါ့တစ်ပါးမင်း ရာဇဝင် မကြားဖူးဘူးလား၊ ကြက်က သူ့ခေါင်းစားရင် မင်းဖြစ်မယ် ထွန်အော်တာကို ကျောင်းက ဘုန်းကြီးက သိတာ၊ ကြက်သားဟင်းခွက်နိုးစားတဲ့ ဘုန်းကြီးကျောင်းသားက သိတာမဟုတ်ဘူး၊ ဘယ်သူမင်းဖြစ်သလဲ၊ ကဲ...ပြောစမ်းပါဦး၊ ဟော... အခုလည်း သူ့အိပ်မက်သူ အသုံးမှမချတတ်ဘဲ ကျုပ်ရှေ့လာပြောတာ၊ ကျုပ်ချမ်းသာဖို့၊ ကျုပ်အသုံးချဖို့ပေါ့၊ ဒီနေ့ တနင်္ဂနွေနေ့ ဘယ်နှယ်ရှိရှိ မြင်းကို လောင်းမယ်...တော်ပိုးလုံချည် သွားပေါင်မယ်၊ နိမိတ်ယူနေတုန်း ပါးစပ်ပုပ်ကြီးနဲ့ တစ်ခွန်းမှ ဆက်မပြောနဲ့ တိတ်တိတ်နေပါ၊ ကျုပ်ကံနဲ့ကျုပ် ချမ်းသာဖို့ပြောတာ"

ဒေါ်လှဲ့သည် ဦးအောင်ညွန့်ပါးစပ်မှ ထွက်လာဦးမည့် အဖျက်စကားများကို ပိတ်ဆို့တားဆီးလိုက်ကာ ကပျာကသီ ဆောင့်ဆောင့်နှင့် ထသွားလေ၏။

ဦးအောင်ညွန့်သည် စောစောက ဟားတိုက်၍ ရယ်လိုက်ချင်သလောက် ယခု ပါးစပ်ထဲမှ တံတွေးကို ပစ်တွေးပစ်လိုက်ချင်သည်။ သို့သော်...မတွေးရဲပေ။ မနှစ်မြို့သော စိတ်ဖြင့် ကျိတ်၍သာ ပင့်သက်ကြီး ချလိုက်လေသည်။

ဘုရားသွား ကျောင်းသွားဝတ်ရန် ခပ်လတ်လတ် ပုဆိုးဆို၍ သည်တစ်ထည်ပင် ရှိတော့သည်။ ဒေါ်လှဲ့သွားပေါင်မည်ကို မကျေနိုင် မချမ်းနိုင်ဖြစ်ကာ မြင်ပြင်းကပ်ကပ်ရှိသော်ငြားလည်း မဟန့်တားဝံ့သဖြင့် စိတ်ထဲ၌ ကသိကအောင့် ဖြစ်ဖြစ်နှင့်ပင် မြဲနေလိုက်ရလေ၏။

ဒေါ်လှဲ့သည် နောက်ဖေးဘက်သို့ ခပ်သွက်သွက်လျှောက်သွားကာ မီးဖိုပေါ်မှ ရေနွေးအိုးချလျက် အကြမ်းအိုးထဲ ငှဲ့ထည့်လေသည်။ ယနေ့မနက် ကလေးများကို မုန့်ဝယ်ကျွေးရန် ချွေးခံအိတ်ထဲ၌ ပိုက်ဆံစမ်းရင်း စိတ်ကတာမျှမြင်းဖောင်းသို့သာ စောနေ၍ အိတ်ထဲနှိုက်နေလို့ နှိုက်နေမှန်း မသိအောင် စမ်းနှိုက်နေကာ ပိုက်ဆံတစ်မတ်ကို အကြာကြီး နှိုက်ယူရလေသည်။

နံနက်တိုင်း လမ်းထိပ်သို့ မောင်လှကို မုန့်ဝယ်လွှတ်သည်။ နံနက်ဘက် ပဲပြုတ်နှင့် နံပြား ဝယ်နိုင်းကာ ပုလင်းထဲ၌ ဆီကုန်နေလျှင် မုန့်စိမ်းပေါင်း အဝယ်ခိုင်းလျက် တစ်ခါတစ်ရံလည်း နို့ထမင်းအဝယ်လွှတ်သည်။

ယနေ့မနက် ဘာဝယ်ခိုင်းရမှန်း မစဉ်းစားအား မပြောအား၍ အနားရောက်လာသော မောင်လှအား ပိုက်ဆံသာ ကမ်းပေးလိုက်သည်။

မောင်လှသည် ပိုက်ဆံတစ်မတ်ကို ဆုပ်ကာ ဘာမှာ ကြားမလဲဟု ရပ်စောင့်နေ၏။

"သွားစမ်းပါဟဲ့...ဝယ်ချင်တာ ဝယ်ခဲ့"

ဒေါ်လှဲ့သည် စိတ်တိုတိုနှင့် ငေါက်လိုက်သည်။ လက်ဖက်ရည် အကြမ်းပန်းကန်လုံးကို ယူကာ ရေအင်တုံထဲ၌ နှစ်လှုပ်နေ၏။

"ဘာဝယ်ရမလဲ အမေရဲ့"ဟု မောင်လှက ထပ်မေး ပြန်သည်။

ဒေါ်လှဲ့သည် ရေထဲ နှစ်လှုပ်ဆေးလိုက်သော ပန်းကန်၌ ရေများစင်အောင် လက်နှင့် တအားလွှဲခါရင်း မောင်လှအား စားတော့ ဝါးတော့မတတ် အရောင်ထွက်သော မျက်လုံးကြီးဖြင့် ကြည့်လေ၏။

"သွားမှာ...သွားစမ်း...လျှာရှည်လိုက်တာ ဖအေတူသား မပြောရဘူး၊ တကတည်းမှပဲ ဝယ်ချင်တာ ဝယ်ခဲ့၊ နေ့တိုင်း နင်တို့ မျိုးဆိုနေကြတာ၊ ဘာဝယ်ရမှန်း မသိဘူးလား ဟင်...ပြောမှဝယ်တတ်သလား မပြောဘဲနဲ့ မဝယ်တတ်တော့ဘူးလား"

အိမ်ရှေ့ ပက်လက်ကုလားထိုင်ပေါ်၌ အပုကို ပေါင်ပေါ်တင်ထိုင်နေသော ဦးအောင်ညွှန့်သည် နောက်ဖေးမှ ရှည်လျားလှသော ဒေါ်လှဲ့၏ မာန်မဲနေသံများကို နားငြီးလွန်း၍ "မုန့်လုံးရေပေါ်ဝယ်ခဲ့ဟေ့"ဟု နားအေးအောင် ပြောမိပြောရာ နွတ်ပြောလိုက်သည်။

မောင်လှသည် နောက်ဖေးမှ ပြေးထွက်လာကာ လမ်းပေါ်၌ ကဆုန်ချ ပြေးသွားလေ၏။ ဒေါ်လှဲ့သည် မီးဖိုထဲမှ လက်ဖက်ရည်ကြမ်းဇန်းကို ယူထွက်လာလျက် ဦးအောင်ညွှန့်နှင့် မျက်နှာချင်းဆိုင်ရပ်ကာ ကက်ကက်လန့်အောင် ရန်အရင်တွေ့သည်။

"မှာပြန်ပြီ ဒီကောက်ညှင်းကို အပုကောက်ညှင်းစားပြီး သေမတတ်ဖြစ်လို့ ဆရာခေါ်ရတာ၊ ခုထက်ထိ ဗွေတိုးဆပ်လို့ မကြေနိုင်သေးဘူး၊ ခေါင်းမွေးပြောင်တော့မယ်။ အခု ဘယ်သူ့ကို မသာချချင်လို့ မုန့်လုံးရေပေါ်မှာရပြန်တာလဲ ပြောစမ်းပါဦး"

တင်မလေး၏ အိပ်မက်နိမိတ် ကောက်ယူခြင်းကို မိမိအား သရော်ရမလားဟု ခုထား၍ မုန့်လုံးရေပေါ် အကြောင်းပြကာ မျက်မှန်းကျိုးကျိုးဖြင့် ဖိမဲနေလေ၏။

ဦးအောင်ညွှန့်မှာ မိမိရှေ့၌ လက်ဖက်ရေကြမ်း ဇန်းမချသေးခင် ကက်ကက်လန်အောင် ရန်တွေ့နေသော ဒေါ်လှဲ့ကို မျက်နှာချင်းမဆိုင်ရဲဘဲ အပု၏နှာခေါင်းမှ နှပ်များကို ပုဆိုးစနှင့် တို့သုတ်ပေးနေ၏။ ရန်တွေ့သံစဲသွားမှ ဒေါ်လှဲ့၏ မျက်နှာကို မကြည့်ဘဲ "အေးကွယ် မေ့သွားတယ်"ဟု စကားနဲ့ ရန်စဲဖြစ်အောင် လေသံပျော့ပျော့နှင့် ပြောလိုက်ရသည်။

ဒေါ်လှဲ့သည် ရေနွေးကြမ်းဇန်းကို ဆောင့်ကြီးအောင့်ကြီးနှင့် ချလိုက်သည်။ ထိုနောက် ငါးသေတ္တာဘူးလွတ်ခွက်

ထဲက ဆေးလိပ်တိုကို ကောက်ယူကာ သွားနှင့် ကိုက်ထား လျက် အိတ်ထဲက ဓာတ်မီးခြစ်ကို ထုတ်၍ ခြစ်ညှိနေ၏။

ဦးအောင်ညွန့်သည် ဒေါ်လှဲ့၏ ဒေါသရုပ်ကို ငုံ့နေရာမှ အလစ်ခိုးကြည့်လျက် စိတ်မချမ်းမသာဖြစ်မိကာ ဒေါ်လှဲ့အား ချော့မော့ ပြောလေသည်။

"အိမ်မှာ ဆန်မရှိတော့ဘူးကွယ်၊ လုံချည်ပေါင်ချင်လဲ ပေါင်ပါ၊ ပေါင်ပြီး မြင်းသွားလောင်းမနေပါနဲ့ အိမ်မှာ လိုတာပဲ ဝယ်ပေါ့ကွယ်"

ဒေါ်လှဲ့သည် ယမ်းပုံမီးကျသွားလေ၏။ အသားများ ဆတ်ဆတ်တုန်ကာ မိမိထက် အသက်ကြီး၍သာ ရှယ်တူချင်းသာဆိုလျှင် နပန်းလုံးလိုက်ချင်အောင် ဒေါသထွက်လာ၏။

"တော်ပါ…ကျုပ်ကို တစ်ခွန်းမှ ထပ်မပြောနဲ့ ဆန်မရှိရင် မြမောင်ကို ဆိုင်မှာသွားယူခိုင်း၊ ကျုပ်လုပ်မယ့် အလုပ်ကို ကဖျက်ယဖျက် မပြောနဲ့ မြင်းသွားလောင်းမနေပါနဲ့လေး ဘာလေးနဲ့ "လူများ မြင်းသမားမှတ်နေသလား၊ ဆင်းရဲလွန်းလို့ မဆင်းရဲရအောင် ကြံရတာ အကြံကောင်းတော့ တစ်ချက်တော့" ဦးအောင်ညွန့်သည် ရှေ့ဆက်ပြောဖို့ရာ အခြေအနေမသာသည်နှင့် လုပ်ချင်ရာလုပ်တော့ဟု ငြိမ်နေတော့၏။

ဒေါ်လှဲ့သည် နောက်ဖေးဘက်သို့ ခြေသံပြင်းပြင်းနင်းသွားကာ ရေသွားချိုးနေလေသည်။

ဦးအောင်ညွန့်သည် ကလေးတစ်အုပ်နှင့် အိမ်ရှေ့၌ စားသောက်လျက်နေကြစဉ် ဒေါ်လှုံ့သည် ထီးဆွဲကာ အထုပ်တစ်ခု ပိုက်ထွက်လာပြီး၊ မောင်လှအား ပိုက်ဆံငါးမူးထုတ်ပေးလိုက်၏။

“ဈေးသည်လာရင် ဟင်းချက်ဖို့ ခေါ်ဝယ်၊ ကျောင်းပိတ်တဲ့နေ့ လျှောက်ဆော့မနေနဲ့ ကလေးတွေကို ကြည့်”

မိမိအား စိတ်ကောက်လျက် စကားပင် အဖက်လုပ်မပြောနိုင်ဘဲ မောင်လှသာ မှာကြားထွက်သွားသော ဒေါ်လှုံ့ကို အိမ်ထဲမှ မျှော်ကြည့်ရင်း အံကို မသိမသာ ကြိတ်ထားလိုက်လေသည်။

* * *

# (၃)

“ထောင်ကဲ ဒါဟိုတုန်းက လုံချည်ပါ၊ သုံးလေးခါ ပဲ ဝတ်ရသေးတယ်၊ တစ်ဆယ်ပေးပါ”

ဒေါ်လှဲ့သည် ကြူထရံကွက် ထားဝယ်လုံချည် အနီကို အပေါင်ဆိုင်ရှင်အား ဖြန့်ပြ၏။ တရုတ်အဘိုးကြီးသည် ကော်ကိုင်းမျက်မှန်ကို နဖူးပေါ်သို့ ပင့်ကိုင်ထားလျက် အပေါက်ကလေးနားသို့ မျက်နှာကပ်ကာ နှာခေါင်းရှုံ့၍ ခေါင်းခါပြလိုက်သည်။

“ဒါဖြင့် ဘယ်လောက်ပေးမလဲ”

“ခြောက်ကျပ်ယူသွား”

ဒေါ်လှဲ့သည် လုံချည်ကို ခေါက်ကာ စက္ကူနှင့် လိပ်ပတ်လျက် အပေါက်ကလေးထဲသို့ သွင်းလိုက်သည်။ ကျပ်တန်ငါးကျပ်နှင့် အကြွေများ အပေါင်လက်မှတ်စာရွက်နှင့် အတူ အပေါက်ကလေးထဲမှ ပြန်ထွက်လာသည်။

အပေါင်ဆိုင်နှင့် မလှမ်းမကမ်းရှိ တာမွေဘက်သို့ သွားသော ဘတ်စကားမှတ်တိုင်၌ ထိုးဆိုက်လိုက်သော ကား ပေါ်သို့ အမှီပြေးတက်ခဲ့ရလေသည်။

ကားပေါ်၌ လူတွေ ကျပ်နေသည်။ နောက်ဆုံး ခုံ တန်းကုလားတစ်ယောက်ဘေးတွင် တိုးဝင်ထိုင်ရသည်။

ကားထဲ၌ စပယ်ယာသည် ခုံတန်းများကြားဝယ် ဘေးစောင်းရပ်လျက် လက်မှတ်ဖြတ်၊ ပိုက်ဆံသိမ်းနေရင်း ခရီးသည်တစ်ဦးနှင့် ပြောလက်စ စကားကို အော်ကျယ် ဟစ်ကျယ်ပြောနေလေ၏။

“ထိုးတဲ့လူတွေများလို့ ဆွဲလိုက်တာ၊ မြင်းရှင် ညစ်တာ ဗျ၊ မဆွဲဘဲနဲ့သာ စီးစမ်းပါ တန်းနေတာပဲ“အောင်ရင်အေး” ခြေကို ကျွန်တော် သိပါတယ်”

ဒေါ်လှဲ့သည် မိမိဆီသို့ လျှောက်လာသော စပယ်ယာ အား ပိုက်ဆံကမ်းပေးလိုက်ကာ “အရင်အပတ်က တွဲပွဲဘယ် လောက်ရော်သလဲ”ဟု မျက်နှာချိုသွေး၍ မေးကြည့်၏။

စပယ်ယာသည် လက်မှတ်ကို ဖြတ်လျက် ကမ်းပေး လိုက်ကာ “နည်းနည်းပါပဲ ၂၀၀ ကျော်”ဟု ပြောလိုက်သည်။

ဒေါ်လှဲ့မှာ မြင်းပွဲသို့ တစ်ခါမျှ မရောက်ဘူးချေ၊ တစ်ခါတုန်းက တာမွေ ဒေါ်အေး၏ မြင်းဇောင်းသို့ရောက် သွားရာ လူများတကာပေးလိုက်ကြတာ မြင်၍ တွဲပွဲထိုး ပေးရန် ဒေါ်အေးကို ငွေ ၂ ကျပ်ပေးလိုက်ဖူးလေသည်။

ထိုငွေ ၂ ကျပ် ဆုံးဖုးပြီးသည့်နောက် တာမွေဘက်သို့ တစ်ခေါက်မှ မရောက်တော့ပေ။

မြင်းပွဲဆိုလျှင် တွဲပွဲဆိုတာသာ သိလေသည်။ တွဲပွဲဆိုတာပင် သေချာယနေ့ နားလည်သိသော အသိမျိုးမဟုတ်၊ မြင်းသုံးကောင်တိုက်ရင် ပေါက်တယ်ဟူ၍ သည်မျှလောက်သာ သာမန်ကာလျှံကာ သိလေ၏။

ယနေ့ ငွေ ၂ကျပ် တွဲပွဲထိုးရမည်။ နိမိတ်စမ်း၊ ကံစမ်းထိုးရမည်မို့ ငွေ ၂၀၀ လောက် လျော်သည်ကြား၍ တအား လျော့ကျသွားလေသည်။

"ဒီနေ့ ငွေတစ်သောင်းလောက်များ လျော်ရင် ဘယ်လောက်ကောင်းမလဲ"ဟု တမ်းတလိုက်သည်။

"စိန်ဒွေးကြွယ်တော့ တစ်ပြေးနေတာပဲကွဲ့"

ဒေါ်လှဲ့၏ ရှေ့ခုံတန်းမှ ခပ်ဝဝကျောက်ပေါက်မနှင့် လူကြီးတစ်ယောက်သည် သူ့မျက်နှာကို နောက်သို့လှည့်ကာ စပယ်ယာအား လှမ်းပြောလိုက်သည်။

စပယ်ယာသည် လူဆင်း လူတက်ပေါက်တွင် တွယ်ရပ်ကာနေလျက် "ဘရင်လေး စီးမှာပဲဗျ"ဟု ဆိုလိုက်သည်။

ဒေါ်လှဲ့သည် မြင်းစကားများကို နားစွင့်ထားကာ ရင်ထဲတွင် အကြီးအကျယ် ပီတိလှိုင်းကြွလျက် နေပေ၏။

"အောင်ရင်အေး–စိန်ဒွေးကြွယ်"

ဒေါ်လှဲ့သည် ကျေကျေနပ်နပ်ကြီး ပြုံးလိုက်၏။ အိမ်ကထွက်လာကတည်းက အမှတ်တမဲ့ မဟုတ်၊ မျက်လုံးကို

ကျယ်ကျယ်ဖွင့်၍ နားကို စွင့်လာခဲ့သည်။ ယနေ့ မြင်းမလောင်းခင် မြင်ရ ကြားရတာတွေကို နိမိတ်ကောက်ကြည့်ရန် ဂရုစိုက်နေရသည်။

မြင်းလောင်းခါနီး၊ အောင်ရင်အေးနှင့် စိန်ဒွေးကြွယ်တို့ထက်ကောင်းတဲ့ နိမိတ်မရှိတော့ ရင်အေးပြီ စိန်တွေရွှေတွေ ဒွေးဦးတော့မည့် နိမိတ်ဟု ကြိမ်းသေပေါက်တွက်ကာ ရွှင်ပျမြူးတူးသွားလေ၏။

ကားသည် တာမွေဘက်သို့ ရောက်လာ၏။ ဒေါ်လှဲ့သည် ကားပေါ်မှ ဆင်းကာ ခပ်သုတ်သုတ်လျှောက်လာလျက် မှတ်တိုင်နှင့် တစ်လှမ်းကျော်ရှေ့က ညာဘက်လမ်းကြားထဲသို့ ချိုးဝင်သွားသည်။

လမ်းထဲသို့ ဝင်လျှင် ရှေးဦးစွာ ဟိုမှသည်မှ မြင်းဟီသံများကို ကြားလိုက်ရသည်။ လမ်းဘေးအိမ်များ၏ ခြံစည်းရိုးများကို ကျော်၍ကြည့်လျှင် မြင်းဇောင်းများကို တွေ့ရသည်။

မြင်းဟီသံလည်း မင်္ဂလာရှိ၏။ မြင်းတွေမြင်လိုက်ရတာလည်း ကျက်သရေရှိ၏၊ မိုးတပြိုက်ရွာထား၍ လမ်းဘေးဝဲယာ၌ ရှိသော သစ်ရွက်နုနုစိမ်းစိမ်းတို့သည် နေရောင်ထဲတွင် မျက်စိအေးစရာ။

ဆလွန်းကားနက်ကြီးတစ်စီး ဆိုက်ထားသော ခြံရှေ့သို့ ရောက်လျှင် ဒေါ်လှဲ့သည် ဝင်းတံခါးဖွင့်ထား၍ ကားဦးကတွေ့လျက် ခြံထဲသို့ ဝင်လာခဲ့သည်။

ခြံထဲတွင် တစ်ထပ်အိမ်နိမ့်နိမ့်ကလေး၏ အိမ်ရှေ့ ညှပ်ခန်းထဲ၌ ရုပ်အင်္ကျီအဖြူလက်တို၊ ဘန်ကောက်လုံချည် အစိမ်းဝတ်လျက် မှန်ပြောင်းလွယ်ထားသော အသားမည်း မည်းလူကြီးတစ်ယောက်သည် လမ်းဘက်သို့ ကျောခိုင်း ကာ "အောင်ဓေယျ"မြင်းစာအုပ်ကို ငုံ့ဖတ်နေ၏။

"မအေးတစ်ယောက် မရှိဘူးလားရှင်"

မြင်းစာအုပ်နှင့် မျက်နှာအပ်လျက် လှည့်၍မျှမကြည့် အားဘဲ "အိမ်ထဲမှာ"ဟု ဆိုလိုက်၍ ဒေါ်လှ့ သည် အိမ် ပေါ်သို့ တက်ခဲ့ကာ အိမ်တစ်ဖက်၌ အဖီချဆောက်ထားသော အခန်းဝသို့ လျှောက်သွားသည်။

အတွင်းမှ "ဘယ်သူများလဲ"ဟု လှမ်းမေးလိုက်သော ဒေါ်အေး၏ အသံကို ကြားရသည်။ အခန်းနားမရောက်ခင် "ဘယ်သူရမတုန်း ရွှေညှိသည်ပေါ့"ဟု လှမ်းပြောလိုက် သည်။

အသက် ၄၀ ခန့်ရှိ အသားဖြူဖြူ ဝဝဖိုင့်ဖိုင့်၊ မျက်လုံးမျက်ခွံတွင် မျက်ရစ်မရှိ၊ နှာခေါင်းပြားပြားနှင့် ရွှေသွားများ ခေါ်နေသော မိန်းမကြီးသည် ဆံပင်ကို ဖြန့် လျက် ထမီရင်လျားထားကာ အိမ်နံရံ ခပ်မြင့်မြင့်တွင် ကပ်ချိတ်ထားသော မှန်ကို မော့ကြည့်နေ၏။

"အောင်မယ်လေး မလှ့ပါလား၊ ပျောက်နေလိုက်တာ ဘယ်ကများ မျက်စိလည်လာတာတုန်း၊ မလာတာကြာပြီ လာ...လာ..."

ဒေါ်လှဲ့သည် မီမီအား ဆီးကြိုခေါ်လိုက်သော ဒေါ်အေး၏ အနားသို့ မျက်ရည်ဝဲဝဲနှင့် ကပ်သွားကာ "မအေးရယ် အပြစ်တင်ရင်လဲ ခံရမှာပဲ ကျုပ်မလဲ ကျုပ်ဒုက္ခနဲ့ ကျုပ်သိတဲ့အတိုင်းပဲ ဒါကြောင့် မရောက်နိုင်တာပါ သတိရပါတယ်"ဟု အသံလေး တုန်တုန်ရီရီဖြင့် ပြောလိုက်သည်။

"ရှင့်အဘိုးကြီးကော နေကောင်းရဲ့လား"

ဒေါ်အေးသည် ကျောနောက်က ဆံပင်များကို ရှေ့သို့ သိမ်းကာ လက်ခုပ်ထဲမှ ဆီများဖြင့် ဆံပင်ကို ပွတ်သပ်၍ မေးနေ၏။

မြကို ခလယ်က ထား၍ ဘေးက စိန်နှစ်တန်းဆင့် တန်းထားသော ခုံးခုံးမြင့်မြင့် စိန်လက်စွပ်ကြီးနှစ်ကွင်း စွပ်ထားသည့် လက်ကို မျက်စိမစွာကြည့်လျက် "အဘိုးကြီး နေကောင်းပါတယ် ဒါနဲ့ ရှင့်သမီးချောကော နေရာကျရဲ့လား"ဟု ပြောလိုက်သည်။

ဒေါ်လှဲ့သည် ချိုင်းတွင် ညှပ်ထားသော ဖဲထီးကလေးကို အခန်းထောင့်၌ သွားထောင်လိုက်ကာ ကြမ်းပေါ်တွင် အခန်းနံရံနှင့် မှီထိုင်ချလေ၏။

"သမီးချောက အနုသားစပ်ပေးလိုက်လို့ မြေးတောင် ရနေပြီရှင့်၊ သားရဖို့ အရေး ငွေ ၃၀၀ လောက် ကုန်လိုက်တယ်"

ဒေါ်လှဲ့မှာ "နီလာညွန့်" သတင်းကို ကြားရ၍ အံ့သြသွားသည်။ ဒေါ်အေး၏ မြင်းမ နီလာညွန့်"မှာ ခဏ ခဏ

ရွှေဖလား၊ ငွေဖလားဆုများရသော နာမည်ကျော်မြင်းမ တစ်ကောင်ဖြစ်သည်။ ဒေါ်အေး၏ ခင်ပွန်းသည်လက်ထက် ကတည်းက ငွေတစ်သိန်းလောက် ရှာပေးထားသော မြင်းမ ဟု သိရ၍ သည်အိမ်ရောက်တိုင်း နီလာညွန့်ကို စိတ်ဝင် စားသည်။

"ကလေးရပြီလား၊ အထီးလေးလား၊ အမလေးလား၊ ကလေးရတော့ကော ပြိုင်ပွဲမသွင်းဘူးလား၊ မပြေးနိုင်ဘူး လား"

ဒေါ်အေးသည် ရွှေဘီးနှင့် ဆံပင်ကို နောက်တွဲပတ် လိုက်သည်။ ရှေ့က ဆံပင်များကို ဘီးနှင့် သပ်ကာ မှန် ထဲကနေ၍ ဒေါ်လှဲ့ကို လှမ်းကြည့်စကားပြောနေသည်။

"အမလေးရှင့် နီလာညွန့်ကို အနားပေးလိုက်ပြီ ဘာ လုပ်မလဲ ဒီလောက်နိုင်းခဲ့ပြီးမှ မပြေးနိုင်းတော့ပါဘူး၊ သား ဖောက်ဖို့ပဲ ထားတော့မယ်၊ ဆင်ရတနာ...မြင်းရတနာ... ရတနာတွေလေ"

ဒေါ်အေးသည် သူ့စကားကို သူ သဘောကျစွာ ရယ် နေ၏။ ဒေါ်လှဲ့မှာ ဒေါ်အေး ပြောသမျှကို မြိန်ရေရှက်ရေ နားထောင်နေ၏။

"သားစပ်တာက မှတ်ပုံတင်ရတယ်ရှင့်၊ မြင်းပွဲမှာ သားစပ်ဖို့ထားတဲ့ မြင်းတွေ ရှိတယ်၊ အဲဒီမှာ ငွေ ၃၀၀ လောက်ပေးပြီး စပ်ရတာ၊ သားရရင် ဘယ်နေ့ဘယ်ရက် က သားရတယ်...ဘယ်နေ့ဘယ်ရက်မှာ မွေးဖွားတယ်ဆို

တာ အားလုံးမှတ်ပုံတင်ထားရတယ်၊ ဒီတော့မှ ပြိုင်ပွဲဝင် ပြေးခွင့်ရတာ တွေ့ကရာမြင်းနဲ့ရတဲ့ သားသမီးကို မြင်းပွဲက လက်ခံတာ မဟုတ်ဘူး၊ မျိုးရိုးဇာတိဂုဏ်အရေးကြီးသပေါ့"

ဒေါ်အေးသည် ခေါင်းဖီးပြီး ရေချိုးရန် တန်းပေါ်က မျက်နှာသုတ်ပဝါကို လှမ်းဆွဲလိုက်သည်။ ဒေါ်အေး၏ ခေါင်းနောက်က တဝင်းဝင်းလက်နေသော ရွှေဘီးကို သားရေ တမြားမြားကျမိသည်။ ပိုက်ဆံရှိမှာပဲအထင်နှင့် မုဆိုးဖို အဘိုးကြီးနှင့် မျက်စိမှိတ်ယူခဲ့သော မိမိ၏ အဖြစ်ကို အသည်း နာမိလေသည်။

"မြင်းပေါက်ကလေးက ဘယ်အရွယ်လောက်ကျတော့ ပြေးရမှာလဲ"

"နှစ်နှစ်သားဆိုရင် ပြေးတာပေါ့၊ သူလဲ ခေတာမဟုတ် ဘူးရှင့်၊ သူ့အမေလိုလာမှာပဲ၊ သူ့ကို မွေးတုန်းက တစ်ခါ တည်း ကျွန်မ အချိန်နာရီနဲ့ ဇာတာလုပ်ထားလိုက်တယ်၊ စန်းက ဘယ်မှာလဂ်က ဘယ်မှာ ဥစ်ရသလား၊ ဘယ် ဂြိုဟ်တွေနဲ့ ပူးမွေးသလဲဆိုတာ ဇာတာခွင်နဲ့ အပြီး လုပ် ထားတာ ဇောင်းထဲမှာ သွားကြည့်ပါဦး၊ ကျွန်မ ရေချိုး လိုက်ဦးမယ်"

ဒေါ်လှဲ့သည် အိမ်ဘေးတံခါးကို ဖွင့်လျက် အိမ်နောက် ဘေးတန်းလျား မြင်းဇောင်းနားသို့ ဆင်းသွားသည်။

ခေါက်မြင့်မြင့်နှင့် တစ်ကိုယ်လုံးချောပြောင်လက်နေ သော မြင်းမကြီးသည် ကောက်ရိုးခြောက်များကို ဆွဲဝါးနေ ကာ မြင်းကလေးက ရင်ခွင်အောက်၌ နို့စို့နေလေ၏။

ပြိုင်မြင်းတစ်ကောင်ကို ကိုးထောင် တစ်သောင်းပေး ရသည်ဟု ကြားဖူး၍ တယ်လဲ အဖိုးတန်လိုက်ပါလား...ဟု အောက်မေ့ကာ မြင်းကို ကျောက်မျက်ရတနာများ ရှုသလို တန်ဖိုးထား၍ မျက်တောင်မခတ် စူးစူးဝါးဝါး ကြည့်ရှု နေ၏။

အိမ်ရှေ့၌ တွေ့ခဲ့သော မှန်ပြောင်းလွယ်ထားသည့် လူကြီးသည် မြင်းဇောင်းနားသို့ လျှောက်လာလေသည်။

"သူတို့မွေးရတာ တော်တော်စားရိတ်ကြီးတာပဲ"

ဒေါ်လှဲ့သည် မြင်းသမားနှင့် တူသည်ဟု အောက်မေ့ ကာ မိတ်ဖွဲ့ချင်၍ စကားစမြည်ပြောလိုနေသည်။

"ကြီးတာပေါ့ဗျ၊ ဆိုက်ကုလားဟာ ရှေးက တစ်လ ၁၈ကျပ်ပေးရတာ၊ အခု ၇၅ကျပ် ပေးရတယ်။ ပဲတို့ ဂျုံ တို့၊ ကောက်ရိုးတို့ဆိုတာကလဲ တသွတ်သွတ် ဝယ်ရတာ၊ ပြိုင်ပွဲ မဝင်ခင် ကျင့်ကျော်ကီစားရိတ်၊ စီးကျော်ကီစားရိတ် ရှိသေးရဲ့၊ သူတို့နိုင်တာနဲ့ သူတို့စားရိတ်ထောက်ရတာပဲ"

"ပြိုင်ပွဲမှာ ပထမဝင်တော့ မြင်းရှင်က ဘယ်လောက် ရသလဲ"

ဒေါ်လှဲ့သည် 'မြင်း'ကို အတော်စိတ်ဝင်စားနေ၏။ မြင်းနှင့် ချမ်းသာ အကျိုးပေးတော့မည်ဟု နိမိတ်ယူထား၍ မြင်းမှာ သူနှင့် ပတ်သက်သလောက် ပတ်သက်၍ နေချေပြီ။

"ဖလားပွဲမှာ ပထမရရင် တစ်သောင်း ငါးထောင်ရ တယ်၊ နိလာညွန့် ခဏခဏရတာပေါ့၊ နောက်ဆုံး စပ်ရွှေ

သိုက်လက်ထက်က လွှတ်လပ်ရေးနေ့ ဖလားပွဲဆုကို သူယူတာပဲ ရိုးရိုးပွဲတော့ ၃၀၀၀ ရတယ်”

မြင်းအကြောင်းကို ရှင်းပြောပြနေသော လူကြီးမှာ မြင်းပွဲက စတီးဝပ်လူကြီးတစ်ဦး ဖြစ်လေသည်။ တနင်္ဂနွေနေ့ မနက်စောစော တာမွေ မြင်းစောင်းတစ်ဝိုက် လှည့်လာတတ်ကာ မြင်းတစ်လျှောက်စုံစမ်းနေကျ ဖြစ်၏။

ဒေါ်လှဲ့သည် မြင်းများထားသော အခန်းများကို တစ်ခန်းပြီးတစ်ခန်း လျှောက်ကြည့်နေစဉ် ထိုလူကြီးသည် အိမ်ဆောသို့ လျှောက်သွားကာ “မအေး...သွားဦးမယ်၊ နီးတော့ကားလွှတ်လိုက်မယ်”ဟု အိမ်ပေါ်က ကြားလောက်အောင် အော်ပြောသွားလျက် အိမ်ရှေ့ခြံဝက ကားနက်ကြီးကို မောင်းထွက်သွားလေသည်၊

ဒေါ်လှဲ့သည် အိမ်ဆောင် အဆောင်ခန်းဆီမှ ဒေါ်အေး၏ “ဟုတ်ကဲ့...ဟုတ်ကဲ့...”ဟု ပြန်ပြောလိုက်သော အသံကြား၍ ရေချိုးပြီးပြီဟု သိကာ အိမ်ပေါ်သို့ ပြန်တက်လာခဲ့၏။

ဒေါ်အေးမှာ မိမိနှင့် ငယ်ငယ်က တစ်မြို့တည်းကျောင်းနေဘက် သူငယ်ချင်း ဖြစ်သည်၊ လူချင်းနှစ်ပေါင်းများစွာ ကွဲသွားပြီးနောက် စစ်ပြီးခေတ် ရန်ကုန်မှာ ပြန်တွေ့ကြသည်။

ပြိုင်မြင်းငါးကောင်လောက် မွေးထားကာ မြင်းနှင့်စီးပွားရှာလျက် မုဆိုးမပင် ဖြစ်ငြား ငွေသုံးလက်ဖွာလေ

သည်။ ဘယ်သူ့ကိုမဆို ကျေးချင် မွေးချင်စိတ် ရှိသည်။ ပေးချင် ကမ်းချင်စိတ်လည်း ရှိသည်။ အိမ်၌ ပေါပေါလျှံလျှံ အစားကောင်း စားကာ၊ အဝတ်ကောင်းဝတ်လျက်၊ ခပ်ကြွားကြွားနေတတ် ပြောတတ်လေသည်။

"ထောင်ကဲကြီးဆုံးသွားကတည်းက သူ့လက်ငုတ် မြင်းအလုပ်ကို ဆက်လုပ်နေရတာ၊ တစ်ခါတလေတော့လဲ ဒီအလုပ်ကို ငြီးငွေ့သား၊ စားရိတ်က တစ်လနဲ့တစ်လ နဲတာမဟုတ်ဘူး၊ ကျွေးထားရတဲ့ လူတွေကလည်း ကြည့်ပါဦး၊ သူရှိတုန်းကလိုတော့ လက်ထဲမှာ ဖောဖောသီသီကြီး မဟုတ်လှဘူး"

ဒေါ်အေးသည် သနပ်ခါးလူးရင်း ဖောင်လောက်အောင် စကားပြောနေ၏။ ဒေါ်လှဲ့ မလာစဖူး ပေါ်လာ၍ ငွေချေးရန်လာတာများလားဟု မသင်္ကာဖြစ်ကာ စကားကို ကာဆီးပြောထားနှင့်ရသည်။

ဒေါ်လှဲ့သည် အနားရှိ ခပ်ကျုံ့ကျုံ့ကလေးထိုင်လျက် ဖီးလိမ်းနေပုံကို ငေးကြည့်နေကာ မိမိလာရင်းကိစ္စကို ပြောပြရန် စကားပြတ်အောင် စောင့်နေရသည်။

"ကျွန်မက မြင်းပွဲပတ်တိုင်း သွားပေမဲ့ ပွဲတိုင်းသိပ် လောင်းနေတာ မဟုတ်ဘူးရှင့်၊ ကိုယ့်မြင်းပြိုင်တဲ့အခါသာ ခပ်များများဖိလောင်းတာ၊ ဆုငွေသာ မက်တာပဲ၊ ဆုရပြန်လဲ စီးတဲ့ ဂျော်ကီကို ၁၀ ရာခိုင်နှုန်း ပေးရသေးတယ်"

ကိုးနှစ်ရွယ်ခန့်ရှိ ဒေါ်အေး မွေးစားထားသော အိမ်ဖော်ကလေးမ ဖြူဖြူပိန်ပိန်ကလေးသည် အခန်းထဲသို့ ဝင်လာကာ ကြမ်းပေါ်သို့ ဒူးထောက်လျက် "ထမင်းပြင်ရတော့မလား" ဟု ရိုရိုသေသေလာမေးသည်။

"အေး…ပြင်တော့၊ မလှဲ့စားသွားနော်…ဒါနဲ့ တောကငါးပိတွေ ပို့လိုက်တာ အိုးထဲမသိပ်ရသေးဘူး။ ရှင်အားရင် ထမင်းစားပြီး နေ့လယ်သိပ်ပေးခဲ့စမ်းပါရှင်"

ဒေါ်အေးသည် ပြောပြီး မျက်နှုံးမွေးကို မဲထင်းနေအောင် ဆေးတို့ဆွဲနေ၏။ ဒေါ်လှဲ့၏ အမူအရာကို ဝမ်းထဲက အကဲခတ်ကာ တစ်ခုခုတော့ပြောဖို့လာတာဟု ဗေဒင်တွက်နေ၏။

"သိပ်ပေးတာပေါ့၊ အားပါတယ် ကျုပ်လာတာ မအေးရယ်… တခြားကိစ္စတော့ မဟုတ်ပါဘူး၊ အိပ်မက်အရ ဒီနေ့ တွဲပွဲထိုးချင်လို့ လာတာပါ။ ကိုယ်က ဘာမှနားလည်တာ မဟုတ်ဘူး၊ မြင်းပွဲလည်း သွားတတ်တာမဟုတ်ဘူး၊ မအေးအားကိုးပြီး လာရတာ၊ လုပ်စမ်းပါဦး တဆိတ်၊ ပိုက်ဆံပေးလိုက်ပါရစေ"

ဒေါ်အေးသည် သပွတ်တံကို ချလိုက်ကာ ကိုယ်လိမ်းပေါင်ဒါမှုန့်များကို လက်ဖဝါးပေါ်၌ ခေါက်သွန်ချရင်း ဒေါ်လှဲ့ကို ကြည့်လိုက်သည်။ ထို့နောက် အသံကျယ်ကျယ်ရယ်မောလျက် ပေါင်ဒါကို ချိုင်းထဲပွတ်နေသည်။ ဒေါ်လှဲ့သည် နှုတ်ခမ်းကို စု၍ မျက်နှာမထားတတ်သလို ရှက်ကိုးရှက်ကန်း ရောရယ်နေလေသည်။

"လက်စသတ်တော့ ဒါကြောင့်လာတာကိုး၊ ရှင့်မှာ ပိုက်ဆံ ဘယ်လောက်ပါသလဲ...တွဲပွဲက ခက်သားပဲ၊ ငွေ ၂ ကျပ်နဲ့ ထိုးဖို့များတော့ ပေါက်ဖို့ ခဲယဉ်းပါတယ်၊ တွဲပွဲ ပြေးမယ့် ပထမပွဲက မြင်းတွေကို အကုန်လုံး ထိုးလိုက်ရတာယ်ရှင့်၊ ၁၀ ကောင်ပြေးရင် ၂၀ ကျပ်ဖိုး ထားပါတော့၊ အဲဒီပွဲက တစ်ကောင်ကောင်တော့ ပေါက်ရမယ် မဟုတ်လား၊ ဒီတော့မှ နောက်ပြေးမယ့် ပွဲနှစ်ပွဲက ကိုယ်ကြိုက်တဲ့ မြင်းကို ရွေးပြီး တွဲထိုးရတာရှင့်၊ တချို့များ ပထမပွဲကို ၂၀၀/၃၀၀ ဖိုး လက်မှတ်ဝယ်ထိုးထားတာ၊ ဒီတော့မှ ပထမပွဲက ပေါက်တဲ့ မြင်းလက်မှတ်အစောင်များများ ရထားတော့ နောက်ပြေးမယ့် နှစ်ပွဲက ကြိုက်မြင်းတွေကို မလွတ်အောင် အမျိုးမျိုး တွဲထိုးကြည့်နိုင်တာပေါ့၊ အရင်တစ်ခါတုန်းကလို ရှင် ငွေ ၂ ကျပ်ပေးလိုက်လို့တော့ ပထမပြေးတဲ့ပွဲမှာ ၂ ကျပ်နဲ့ ထိုးထားတဲ့ မြင်းက တိုက်ဦးမှ၊ ပြီးနောက် နှစ်ပွဲက နှစ်ကောင်ကလည်း တိုက်ဦးမှ..."

ဒေါ်လှဲ့သည် ဒေါ်အေးကို ငေးလျက် ကြည့်နေလေသည်။ မိမိ၌ ငွေ ၅ ကျပ်ကျော်ကျော်သာလျှင် ရှိသည်။ သူပြောသလို ပထမပွဲမြင်းကုန်မလွတ်နည်းထိုးဖို့ရန် ခဲယဉ်းနေ၏။ ဒေါ်အေးထံမှ ငွေချေးထိုးရန် အကြံပြုမိသေး၏။ စောစောက အကုန်အကျများကြောင်း စကားကာ ထားသောကြောင့် မပြောရဲပေ။ ငွေ ၂ ကျပ်ထဲနှင့် ထိုးဖို့ရန်ကလည်း တကယ်ဆိုတော့ နိမိတ်က နိမိတ်သာ ဖြစ်သည်။ သေချာ

အောင် ဉာဏ်ထုတ်ဦးမှ ဖြစ်၍ စိတ်အိုက်သွားကာ ငိုင်နေမိလေသည်။

ဒေါ်အေးသည် ဖီးလိမ်းပြီး၍ အကျီလုံချည်အသစ်များလဲဖယ်ဝတ်လျက် "ဘာအိပ်မက်တုန်းရှင်"ဟု မေးလိုက်သည်။

"အိပ်မက်က မြင်းကို မက်တာပါပဲ၊ အတိတ်နိမိတ်ကောက်ထိုးဖို့ အကြံရတာနဲ့ လာတာပါ မအေးရယ်"

ဒေါ်လှုံ့သည် သူများအိပ်မက်ကို သုတ်လာခဲ့သဖြင့် သူ့နိုးလက်က သူ့ဝှက်လုမှာ စိုးရ၍ အကျယ်တဝင့် မပြောရဲချေ။

ဒေါ်လှုံ့၏ အသံနှင့် မျက်နှာ ဟန်ပန်တို့တွင် တစ်ဖက်သား ကရုဏာ ဖြစ်စရာ ကောင်းအောင် ဆွဲဆောင်နိုင်သောကြောင့် ဒေါ်အေးစိတ်ထဲ၌ အတန်ငယ် ထိခိုက်သွားသည်။

"ဒါဖြင့်လဲ မလှုံ့ရယ်၊ ဒီလိုလုပ်ပါရှင်၊ ဒီနေ့ပြေးမယ့် မြင်းတွေကို မြင်းစာအုပ်ထဲမှာ လျှောက်ကြည့်လေ…အဲ ရှင်ကြိုက်တဲ့မြင်းတစ်ကောင်ကောင်ကိုပေါ့ရှင် ရွေးပြီး "ဝင်း" သာထိုးပါ၊ ကျွန်မကို မြင်းနာမည်နဲ့ ၅ ကျပ်ပေးလိုက်၊ ကျွန်မထိုးခဲ့မယ်၊ ရှင့်အိပ်မက်က နိမိတ်ထူးရင်လည်း ပေါက်မှာပေါ့"

ဒေါ်လှုံ့သည် ချက်ချင်း အားတက်ရွှင်ပျသော ရုပ်ပြောင်းသွားသည်၊ ကျေးဇူးတင်ပါတယ်၊ မယ်မင်းကြီးမ

ရယ်၊ အဲဒါပဲ ကောင်းပါတယ်”ဟု စိတ်ဒုံးဒုံးချပြောလိုက်ကာ ခေါင်းတဆတ်ဆတ်ညိတ်နေ၏။

“ဝင်းတို့–ပလေးတို့ဆိုတာ ကျုပ်မသိဘူးတော့ ဘာတုန်း”

“ဝင်းက ပထမပေါက်ကို ထိုးတာ၊ အလျော်အစားများတယ်ရှင့်၊ ပလေးဆိုတာကတော့ ပထမ၊ ဒုတိယ၊ တတိယ ဘယ်ထဲပါပါ ရတာမျိုး၊ အိပ်မက်နဲ့ဆိုရင် ဝင်းပဲ ထိုးပါ”

ဒေါ်လှဲ့သည် ဒေါ်အေးယူပေးသော မြင်းစာအုပ်ကို လှန်ကာ ယနေ့ပြေးမည့်မြင်းများ၏ နာမည်စာရင်းကို လျှောက်ဖတ်ကြည့်လေသည်။

“မေဒင်ဆိုတာ ဘာလဲမအေးရဲ့”

ဒေါ်အေးသည် ခွက်ထိုးခွက်လန် ရယ်နေလေ၏။ မြင်းအကြောင်း ဘာမှန်းမှ မသိရှာသော ဒေါ်လှဲ့အား အတော် ဗဟုသုတနည်းရှာတယ်ဟု အောက်မေ့ကာ မေးတာကို စိတ်ရှည်ရှည်နှင့် ပြောရလေ၏။

“မေဒင်ပွဲဆိုတာက တစ်ခါမှ မပြေးဘူး၊ မနိုင်ဘူးတဲ့ မြင်းတွေ ပြေးတဲ့ပွဲကို မေဒင်ပွဲလို့ ခေါ်တယ်၊ ပွဲတွေက အများကြီး၊ မေဒင်ပွဲမှာ နိုင်ဖူးတဲ့ မြင်းတွေသာ ပြေးတဲ့ပွဲလည်း ရှိတယ်”

မြင်းစာအုပ်ကို တစ်ရွက်ပြီးတစ်ရွက် လှန်ကြည့်ကာ ထိုးမည့်မြင်းကို ရှာရလေ၏။ ပြိုင်မြင်းများ၏ နာမည်များ

မှာ ခေတ်ဆန်ဆန်မှည့်သော လူနာမည်များနှင့် ဆင်တူဖြစ်နေသည်။ အချို့မြင်းများကား ရွှေတော်မျိုးတော် အဆက်အနွယ်ထိပ်တင်ထွေး၊ ထိပ်တင်စုဟုလည်း ပါကြသေး၏။

၄ ပေ ၉ လက်မ ဗမာပြည်ပေါက်မြင်း ပထမတန်းပြေးမည့်ပွဲမှ မြင်းအမည်စာရင်းကို လျှောက်ဖတ်ကြည့်နေစဉ် ပြိုင်မြင်း ၁၂ ကောင်အနက် "တင်မဝင်း"ဟူသော အမည်ကို မြင်မြင်ချင်း "ဒီမြင်းထိုးမှပဲ"ဟု ပိုင်းဖြတ်ပြီး ငွေ ၅ ကျပ် ပေးလိုက်သည်။

ဒေါ်လှဲ့သည် ငါးပိဘုံးထဲက ငါးပိများကို အိုးထဲသို့ ပြောင်းသိပ်နေသော အလုပ်ဖြင့် တစ်နေ့လုံး ဒေါ်အေးအိမ်၌ အချိန်ဖြုန်းကာ မြင်းပွဲမှ ဒေါ်အေးအပြန်ကို စောင့်ဆိုင်းနေလေသည်။

အိမ်တွင် အဘိုးကြီးနှင့် ကလေးများသည် နံနက်စာကို ပိုက်ဆံငါးမူးဖြင့် ဖြစ်သလို ချက်စားကြရပေမည်။ မိမိမှာ ယနေ့မနက် ပွဲတော်ကြီးနှင့် တိုးရလေသည်။ ထမင်းကို ဟင်းပွဲမျိုးစုံဖြင့် မြိန်မြိန်ကြီး စားလျက် ထမင်းစားပြီး သရေစာချိုချိုချဉ်ချဉ်တွေကလည်း စုံလှကာ ဒေါ်အေး၏ စည်းစိမ်ကို တမ်းတသာယာနေမိ၏။

အဘိုးကြီးမှာ သေခါနီးနေပြီဖြစ်၍ မိမိလည်း မုဆိုးမဖြစ်ရတော့မည်။ ဒေါ်အေးလို မုဆိုးမဘဝမျိုး ကောင်းကောင်းစား၊ ကောင်းကောင်းနေနိုင်အောင် ချက်ချင်း လက်ငင်း သူဌေးဖြစ်လိုဇော ထက်သန် ပြင်းပြနေလျက် ထိုး

လိုက်သည့်မြင်း ပေါက်ရန် ငါးပိသိပ်ရင်း နင်းကန်ဆုတောင်းနေလေ၏။

တစ်နေ့ခင်းလုံး တိုတ်ဆိုတ်ခြောက်သွေ့နေသောတာမွေ့ရပ်ကွက်သည် နေစောင်းတာနှင့် လှုပ်လှုပ်ရွရွဖြစ်လာလေသည်။

လမ်းထဲသို့ ဝတ်ကောင်းစားလှနှင့် ဝင်လာကြသောသူများမှာ မြင်းပွဲသတင်းကို ဟောင်ဖွာဟောင်ဖွာ ပြောလာကြလျက် တစ်အိမ်ကတစ်အိမ် ဟစ်အော်မေးကြသောအသံများဖြင့် တစ်လမ်းလုံး ဆူညံလာလေသည်။

ဒေါ်လှဲ့သည် ခြံဝသို့သာ မျှော်နေကာ ရင်ထဲ၌တဒိတ်ဒိတ်ခုန်နေ၏။ ငွေလေးငါးထောင်ပိုက်လျက် အိမ်သို့ ပြန်သွားပုံမှာလည်း အခါပေါင်း မရေမတွက်နိုင်တော့ပေ။ သားကလေး သမီးကလေးများ ရွှေးချယ်ဝယ်ခြမ်းနေခြင်းဖြင့် စိတ်များ ဖတ်ဖတ်ဆာအောင် မောနေသည်၊

ညနေဘက် စိတ်များ ဂဏှာမငြိမ်လှ၍ ဖင်ထိုင်မကျဖြစ်နေကာ အိမ်ရှေ့နှင့် နောက်ဖေးထွက်ချေဝင်ချေ လုပ်လျက် နောက်ဆုံး အိမ်ဝတွင် ထိုင်မျှော်နေပေ၏၊

ကားနက်ကြီး အိမ်ရှေ့၌ ထိုးဆိုက်လိုက်သောအခါဒေါ်လှဲ့သည် ဆတ်ခနဲ မတ်တတ်ထရပ်လျက် မျက်လုံးဝိုင်းနေတော့ကာ အသက်ရှူမမှန်တော့ပေ။

"မလှဲ့ရေ...ဟန်တယ်တော့...ဟန်တယ်တော့..."ဟုကားပေါ်မှ အော်ဆင်းလာသော ဒေါ်အေး၏အသံကို ကြားကြားချင်း ရင်ကိုလက်နှင့် ဖိထားရလေသည်။

ဒေါ်အေးသည် အိမ်ပေါ်သို့ မတက်သေးခင် ခုနစ်အိမ်ကြားအောင် ဟစ်ပြောနေသည်။

"မလှဲ့ရယ်...ရှင့်အိမ်မကိုက်ထူးပါတယ်၊ ဒီမြင်းကို ဘယ်သူမှ ထိုးတဲ့လူမရှိဘူးရှင့်၊ မြင်းရှင်ကိုယ်တိုင် သူ့မြင်းသူနိုင်မယ်လို့ မထင်ဘူး၊ ကျွန်မလည်း ရှင့်စိတ် အာသီသရှိလို့သာ မဖျက်တာ၊ ပေါက်မယ်ကို မထင်ဘူးရှင့်၊ ထိုးတဲ့လူနည်းလွန်းလို့ ရှစ်ရာတောင် ရော်တယ်ရှင်...ရှစ်ရာ...ရှစ်ရာ"

ဒေါ်လှဲ့သည် တဆတ်ဆတ်ခုန်နေသော ရင်ကို တအားဖိထားရသည်။ ပိုက်ဆံများရှိလို့ ငွေတစ်ရာလောက်များထိုးလိုက်ရရင်...

ဒေါ်လှဲ့၏ဝမ်းထဲက အလိပ်လိပ်တက်လာသော အလုံးကြီးသည် ရင်ညွန့်သို့ တက်ဆောင့်နေလျက် မျက်လုံးများပြာနေလေသည်။

ဒေါ်အေးထံမှရခဲ့သော ရာတန်ရှစ်ချပ်ကို ချွေးခံအိတ်ထဲတွင် ထည့်ကာ ချိတ်နှင့် တွယ်လျက်ကား စောင့်စီးနေရင် ကြာတယ်ထင်၍ အိမ်သို့ ဆိုက်ကားငှားပြန်ခဲ့သည်။

တစ်လမ်းလုံး...အပေါင်ဆိုင်က တရုတ်ကြီးကို ခံပြင်းလာလေသည်။ ၁၀ ကျပ်များပေးလျှင် ထောင့်ခြောက်ရာ ရမည်မို့ တရုတ်ကို ကျိန်ဆဲပြီးရင်း ကျိန်ဆဲလျက် စီးလာခဲ့သည်။

ဦးအောင်ညွှန့်သည် အိမ်ရှေ့၌ ဆိုက်ကားဆိုက်၍ ဘယ်က ဧည့်သည်များလဲဟု လည်ဆန့်၍ ကြည့်လိုက်ရာ ဒေါ်လှဲ့ဖြစ်နေ၍ အံ့အားသင့်သွားသည်။

ဆိုက်ကားစီးပြန်လာ၍ တွဲပွဲများ တိုက်လာသလားဟု တွေးထင်လိုက်ကာ…ဒေါ်လှဲ့ကို တစ်ကိုယ်လုံး သိမ်းကျုံး၍ ရှုးရှုးရှုရှုကြည့်နေ၏။

ဒေါ်လှဲ့သည် အိမ်ထဲသို့ မျက်နှာထားကြီးနဲ့ ဝင်လာခဲ့သည်။ ဦးအောင်ညွှန့်မှာ ရှုံးသလား၊ နိုင်သလား၊ အကဲမခတ်တတ်သောကြောင့် မခုတ်တတ်သည့်ကြောင်ကလေး၏ အမူအရာဖြင့် ပုနေကာ ဒေါ်လှဲ့ကို မရဲတရဲကြည့်ပြီး 'မယ်လှဲ့နိုင်သလားကွယ်…'ဟု ခပ်တိုးတိုးမေးကြည့်လိုက်သည်။

"ရှင့်ကြောင့်…ရှင့်ကြောင့်…မသွားခင်က ကဖျက်ယဖျက် ပါးစပ်ပုပ်ကြီးနဲ့ ပြောလို့ သိရဲ့လား"

ဦးအောင်ညွှန့်သည် ရှုံးခဲ့ပါပြီဟု ရင်ထဲတွင် ဟိုက်သွားကာ မျက်စိမျက်နှာပျက်သွားလေ၏။

"နို့မို့ရင် ဒီထက်ပွခဲ့မှာ လုံးချည်ပေါင်တာ ၆ ကျပ်ပဲရတယ်၊ ၁၀ ကျပ်များရရင်၊ ငွေ ၁၆၀၀ ကျပ် ရခဲ့မှာ အခုတော့ ငွေ ၈၀၀ ကျပ်ပဲရခဲ့တယ်တော့"

ဦးအောင်ညွှန့်မှာ ရင်ထဲ၌ ဝမ်းသာလုံးကြီးဆို့သွားကာ ကြက်သေသေ၍ နေလေသည်၊ သွားကတည်းက နိုင်လိမ့်မည်ဟု မထင်မိပေ။ ကံစွတ်ပြီးနိုင်လျှင်လည်း အစိတ်၊

သုံးဆယ်လောက်ပဲဟု အောက်မေ့ထားသည်။ ငွေ ၈၀၀ ကျပ် နိုင်လာမှန်း သိရတော့မှ ဒေါ်လှဲ့နိမိတ်ကောက်တာ မှန်သွားပဲဟု ယုံကြည်သွားကာ တင်မလေးကို ကျေးဇူးတင်၍ မဆုံးရှိတော့သည်။

*　*　*

# (၄)

တင်မလေးသည် ဖီးလိမ်းပြီးလေပြီ။

ပန်းနုရောင် နိုင်လွန်အင်္ကျီလက်ရှည်ကို ဝတ်လျက် ထမီမှာ အနက်နှင့် ပန်းရောင်ရောထားသော အပွင့်အခက်ကလေး ဖြစ်ပေသည်။ တစ်ကိုယ်လုံး ပန်းရောင်ဟပ်နေ၍ ပါးနှစ်ဖက်တွင် သနပ်ခါးသွေးနုနေလေ၏။

တင်မလေးသည် ဖီးလိမ်းပြီး မီးဖိုချောင်သို့ ဝင်သွားလေသည်။

တင်မလေး၏ ကြီးတော်ကြီးသည် တံခါးပေါက်ကို ကျောပေးကာ ငါးကြော်လျက်ရှိသည်။ တင်မလေးမှာ မိဘများ ကွယ်လွန်သွားပြီးနောက် ကြီးတော်ကြီးနှင့် နေထိုင်ရသည်။ မောင်ကလေးနှစ်ယောက်မှာ ကျောင်းနေကြသည်။

အိမ်ကို အခန်းကာလျက် တစ်ခန်းကို ငှားထားကာ ရသည့် အိမ်လခကလေးနှင့် မိမိ စက်ချုပ်ရသည့် ဝင်ငွေပါ စု၍ တစ်အိမ်လုံး၏ တာဝန်ကို ထမ်းထားရလေသည်။

"ကြီးတော်...မောင်လေးတွေ နောက်ကျလိုက်တာ မလာကြသေးဘူးလား၊ ဘောလုံးများ ကန်နေကြသလား"

"အေးပါဟယ်... လာကြမှာပေါ့၊ စိတ်ပူမနေပါနဲ့ ကလေးတွေမှ မဟုတ်တာ"

မောင်အကြီးမောင်မောင်ကြီးကား ၁၅ နှစ်ရွယ် လူပျို ပေါက်ကလေး ဖြစ်နေလျက် ၁၀ တန်းရောက်နေကာ အငယ် မောင်မောင်လေးမှာ ၁၃ နှစ်ရှိ၍ (၇) တန်းသာရောက်သေး ၏။

တင်မလေးသည် မောင်ကလေးတွေ လူလားမမြောက် မီ အိမ်ထောင်မပြုဟု အပျိုကြီးလုပ်နေကာ မိခင်ကြီးသဖွယ် မောင်နှစ်ယောက်ကို ရင်အုပ်မကျွာ ထိန်းသိမ်းကြည့်ရှု လုပ်ကျွေးနေရ၏။

မိမိငယ်ငယ်က အင်္ဂလိပ်ကျောင်း ၇ တန်းနှင့် ထွက်ခဲ့ ရသည်။ မိဘများကွယ်လွန်ကုန်ပြီးနောက် အလုပ်တစ်ခုခု ဝင်လုပ်ချင်လျက် အင်္ဂလိပ်ပညာ ၁၀ တန်းမအောင်ခဲ့၍ လခစားအလုပ်ကို မမျှော်မှန်းနိုင်ဘဲ မိုးလင်းက မိုးချုပ် လက်ခစားအလုပ် စာချုပ်ပန်းထိုးရသည်။

တင်မလေးသည် နဂိုအလှကို မျက်စိတတ်သူ ဖြစ် သည်။ ကလေးဂါဝန်အင်္ကျီကလေးများကို စိတ်ကူးဖြင့် အဆန်းထွင်ချုပ်နိုင်၍ "တေလာ" စက်ချုပ်ကုလားထက် လက်ရာမြောက်သည်။ မင်းပိုင်းစိုးပိုင်းမှ သူ့ထက်ငါ လုအပ် နေကြ၍ တစ်ယောက်တည်းနိုင်အောင် ချုပ်မပေးနိုင်သဖြင့် အပ်တိုင်း လက်မခံနိုင်ပေ။

တင်မလေးမှာ အချုပ်အလုပ် လက်မှုပညာကို ပိုင်ပိုင်နိုင်နိုင် တတ်မြောက်လေသည်။ ဘော်လီအင်္ကျီပုံဆန်းဆန်း၊ ကလေးဂါဝန်ပုံ အမျိုးမျိုး၊ ဇာဘော်လီစက်ပန်း၊ ဆွယ်တာအင်္ကျီ၊ ဦးထုပ်၊ ခြေအိတ် စသည်များကို သူ့စိတ်ကူးနှင့်သူ ထွင်လျက် အမျိုးမျိုး လက်ခံချုပ်ပေးနေ၏။

ခြေနင်းစက်လေးငါးဆယ်လုံးဖြင့် ဘော်လီအင်္ကျီချုပ်ရလျှင် ဝင်ငွေမည့်မှန်းသိလျက်၊ ငွေရင်းငွေနှီး မရှိသောကြောင့် မိမိစက်အဟောင်းကလေးကိုပင် ယခုထက်တိုင် အသစ်မလဲနိုင်ပေ။ စက်ချုပ်ခရသမျှ ကျောင်းစရိတ် အိမ်စရိတ်နှင့် လုံးလည်လိုက်နေ၏။

"ကြီးတော်...ဆာပြီလား ဆာရင်စားနှင့်ပါ၊ ကျွန်မတော့ သူတို့လာမှ စားမယ်"

"မဆာသေးပါဘူးအေ... ညည်းလဲ လမ်းထွက်လျှောက်လိုက်ပါဦးလား... တစ်နေ့လုံးမထဘူး၊ ချုပ်နေလိုက်တာ အညောင်းမိနေပြီ၊ ညလည်း ချုပ်ရဦးမှာ..."

အိမ်ရှေ့၌ ကားတစ်စင်းထိုးဆိုက်သံကြားရသည်။ တင်မလေးသည် အိမ်ရှေ့သို့ ထွက်လာသည်။ ယောကျ်ားပျိုတစ်ဦး ဂျစ်ကားပေါ်မှ ဆင်းလာလေသည်။

"ကိုသန်းမြိုင်ပါလား"

တင်မလေးသည် ပြုံး၍ နှုတ်ဆက်လိုက်သည်။ ကိုသန်းမြိုင်သည် သက္ကလပ်အင်္ကျီအနက်နှင့် ဘန်ကောက်လုံချည် အစိမ်းကို ဝတ်ဆင်ထားသည်။

"ဘယ်တုန်းက ရောက်သလဲ..."

အိမ်ရှေ့မှ ပက်လက်ကုလားထိုင်ကလေးကို ရှေ့သို့ တွန်းရွှေ့ပေးလိုက်သည်။ ထိုင်ထိုင်ချင်း ကိုသန်းမြိုင်က "တင်မလေး သိပ်ပိန်တာပဲနော်"ဟု ဆိုသည်။

တင်မလေးသည် အပ်ချုပ်စက်နောက်က သစ်သား ကုလားထိုင်တွင် ဝင်ထိုင်သည်။

၁၂ ပေခွဲလောက်ရှိမည့် အိမ်ခန်းကလေး၌ စာအုပ်များ တင်ထားသော စားပွဲခုံလေးတစ်လုံး၊ အပ်ချုပ်စက်တစ်လုံး နှင့် ထိုင်စရာ ကုလားထိုင်ဆို၍ ပက်လက်ကုလားထိုင်နှင့် သစ်သားကုလားထိုင်ပဲ ရှိသည်။ ကုလားထိုင်များမှာ နှစ် ကာလကြာမြင့်၍ အရောင်မရှိဘဲ ဟောင်းနေသည်။

ကိုသန်းမြိုင်သည် အိမ်ရှေ့ခန်းကို လှည့်ပတ်ကြည့် လိုက်ကာ လက်ကိုင်ပဝါကို ထုတ်၍ မျက်နှာကို သုတ်နေ၏။

"ပိန်ဆို မိုးလင်းက မိုးချုပ် စက်ပေါ်ကကို မထရ ပါဘူး..."

တင်မလေးသည် စက်ခုံကို လက်နှင့် ပွတ်ရင်း ပြုံး၍ ကိုသန်းမြိုင်ကို ကြည့်နေသည်။

"မနေ့ညနေကပဲ ရောက်တယ် သန်ဘက်ခါပြန်မယ်၊ ရန်ကုန်ရောက်ခိုက် တွေ့ချင်တာနဲ့ တင်မလေးဆီ ဝင်လာ တာ"

"ကျိုက်လပ်မှာ အေးရဲ့လား... အမေကြီးကော ဘယ့်နှယ်လဲ...မာရဲ့နော်..."

ကိုသန်းမြိုင်သည် စီးကရက်ကို ထုတ်၍ ပြုံးလိုက်လေသည်။ တင်မလေးက စက်ခုံပေါ်မှ မီးခြစ်ကို လှမ်းပေးလိုက်သည်။

"အဘွားကြီးက မာပါတယ်၊ မြို့ကတော့ အေးလှတယ် မဟုတ်ဘူး၊ ဆူလိုက် ငြိမ်လိုက်ပဲ။ အခု ဒီဇာလာတာတောင် ကြာကြာမနေရဘူး၊ မြန်မြန်ပြန်ခဲ့လို့ မှာလိုက်သေးတယ်။ ခုထက်ထိ ကိုယ့်ကို မျက်စိအောက်က အပျောက်မခံဘူး၊ မောင်မောင်ကြီးတို့ကော ကျောင်းမဆင်းသေးဘူးနော်၊ အကြီးကော သူ့တူမကို ခုထက်ထိ အိမ်ထောင်မချသေးဘူးလား"

တင်မလေးသည် ကိုသန်းမြိုင်ကို စိုက်၍ ကြည့်နေသည်။ စကားအဆုံးတွင် ကိုသန်းမြိုင်ကနောက်လိုက်၍ ငယ်ငယ်တုန်းကကဲ့သို့ ရင်းနှီးခြင်းများ ပြန်ရလေသည်။ သူတို့သည် ကျိုက်လပ်တွင် ကျောင်းနေဘက်များဖြစ်ကြကာ ရင်းနှီးခင်မင်ခဲ့ကြသည်။ တင်မလေးမှာ စစ်မဖြစ်ခင်ကပင် ရန်ကုန်သို့ ပြောင်းရွှေ့လာ၍ ကိုသန်းမြိုင်နှင့် ဝေးသွားသည်။

ကိုသန်းမြိုင်မှာ တောမြို့ မြေပိုင်ရှင် သူဌေးသားတစ်ယောက် ဖြစ်သည်။ မိဘများ ဆုံးပြီးနောက်၊ ကောလိပ်ကျောင်းက ထွက်ပြီး ဘွားအေကြီးနှင့်ပင် အတူနေရတော့ကာ တော၌ ဆန်စပါးအလုပ်လုပ်နေသည်၊

"မောင်မောင်ကြီးတို့ ဒီနေ့ကျောင်းဆင်းနောက်ကျတယ်၊ ကြီးတော်တော့ မီးဖိုထဲမှာ ငါးကြော်နေတယ်...လာပါလိမ့်မယ်၊ အမေကြီးကကော သူ့မြေးကို ခုထက်ထိ မိန်းမ မပေးစားသေးဘူးလား"

တင်မလေးသည် ကိုသန်းမြိုင်ကို ပြန်၍ နောက်လိုက်ရသဖြင့် ကျေနပ်သောဟန်နှင့် ကိုယ်ကို နောက်သို့မှီကာ မျက်လုံးကို မှေးထားလျက် ပြုံးစိစိလုပ်နေ၏။

"သူမသေခင် မိန်းမ ယူစေချင်လို့ ဓာတ်ဓာ လူကို မိန်းမစပ်နေတယ်။ ကိုယ့်သဘောကတော့ မိန်းမယူရင် ဘုမသိဘမသိ စိမ်းစိမ်းကြီးကို မလိုချင်ဘူး၊ ကိုယ်နဲ့ အင်မတန်ကို အကျွမ်းဝင် ရင်းနှီးပြီး တစ်ယောက်သဘော တစ်ယောက် စင်းလုံးသိပြီး တကယ်ချစ်ကြတယ်ဆိုမှ ယူမှာ"

ကိုသန်းမြိုင်သည် သူ့စကားသူ သဘောကျသလို ရယ်နေ၏။ တင်မလေးက ဘာမျှပြန်မပြောဘဲ ပါးကလေး တစ်ဖက် ပို၍ချိုင့်ကာ ပြုံးနေသည်။

နေရောင်ကား မှိန်စပြုလျက် အရိပ်များ ရှည်၍လာပေပြီ၊ ကြီးတော်သည် ဖိုပေါ်မှ ငါးကြော်အိုးကို ချလိုက်ကာ နောက်ဖေး ပြတင်းပေါက်ကို စေ့လျက် အိမ်ရှေ့ဘက်သို့ ထွက်လာခဲ့သည်။

"ဟဲ့...မောင်သန်းမြိုင်ပါကလား"

ကိုသန်းမြိုင်သည် ပက်လက်ကုလားထိုင်မှ ထလျက် "ဟုတ်ကဲ့...အကြီး မာရဲ့နော်"ဟု ဆိုကာ ကုလားထိုင်တွင် ထိုင်ရန် နေရာထပေးလေသည်။

"ထိုင်လေ...ကိုသန်းမြိုင် အကြီး ဒီမှာ ထိုင်လိမ့်မပေါ့"

တင်မလေးသည် စက်ခုံကုလားထိုင်မှ ထလျက် ကြီးတော်ကို နေရာပေးလိုက်သည်။

ကြမ်းပေါ်၌ အခန်းနံရံနှင့် မှီလျက် ဒူးကလေးကို ပိုက်၍ ထိုင်နေလိုက်သော တင်မလေးကို အားနာနာနှင့် စိုက်ကြည့်လျက် ကုလားထိုင်၌ အသာပြန်ထိုင်လိုက်ရသည်။

"မင်းအဘွားကော မာရဲ့လားကွယ်၊ မင်းလဲ ဝပြီးဖြူလာတယ်။ နွေကလာတုန်း ကနဲ့တောင် မတူဘူး၊ မင်းတို့အလုပ်အကိုင်တွေကော နေရာကျရဲ့လား"

"ဟုတ်ကဲ့ အကြီး ဒီနှစ်တော့ ကျွန်တော် ဆန်ကစားတာ နေရာကျပါတယ်၊ အဘွားကြီးလည်း မာတယ်၊ အလုပ်က များတော့ ရန်ကုန်လာချင်ပေမဲ့ မလာနိုင်ဘူး၊ မနှစ်ကမှ တစ်ခေါက် နှစ်ခေါက် ရောက်သေးတယ်"

တင်မလေးသည် သတိရသလို နေရာမှ ထလိုက်ကာ "ကဲ...စကားပြောနေဦးနော်၊ ကော်ဖီသွားဖျော်ဦးမယ်"

ပြောပြောဆိုဆို နောက်ဖေးမီးဖိုဘက်သို့ ထွက်သွားလေသည်။ ကိုသန်းမြိုင်မှာ အိမ်ထဲ ဝင်သွားသော တင်မ

လေး၏ ကိုယ်ဟန်ကို နောက်မှ လှမ်းကြည့်လိုက်ကာ အကြီးဘက်သို့ လှည့်လိုက်သည်။

အတန်ကြာလျှင် ကော်ဖီပန်းကန်ကို ကိုင်ထွက်လာလေသည်။ ကိုသန်းမြိုင်မှာ တင်မလေး၏ ချစ်စဖွယ်လျှောက်လာပုံ အမူအရာများကို ကြည့်နေသည်။ ပန်းကန်ကို ကမ်းပေးရင်း "ရောက်တဲ့အခါ ဖြည်းဖြည်းပေါ့၊ ထမင်းစားပြီးမှ ပြန်နော်"ဟု ဆိုလိုက်သည်။

"စားတာပေါ့ အကြီးချက်တာ မစားရတာ ကြာသွားပြီ"

ကိုသန်းမြိုင်မှာ ရယ်နေလေသည်။

"ဟင်းတော့ သိပ်မကောင်းဘူးဟော့၊ မင်းတို့စကားပြောနေကြဦး၊ ငါ ဘဲဥလေး သွားကြော်လိုက်ဦးမယ်"

ကြီးတော်ကြီး ထသွား၍ တင်မလေးသည် စက်ခုံနောက်မှ ကုလားထိုင်တွင် ပြန်ထိုင်ကာ ကိုသန်းမြိုင်အား မကြည့်ဘဲ မျက်တောင်ကလေးစင်းကျနေကာ ကြမ်းကို စိုက်လျက် ငြိမ်သက်နေသည်။

အနည်းငယ် ငြိမ်သက်နေကြပြီးမှ "စက်ချုပ်ရတာ ညောင်းမှာပဲနော်—နေကြ ထိုင်ကြတာကော ချောင်လည်ကြရဲ့လားဟင်"

တင်မလေး၏ မျက်လုံးမှာ မီမီအား ကြင်ကြင်နာနာ မေးနေသော ကိုသန်းမြိုင်ဆီသို့ မရောက်ဘဲ မမြင်ရသော နေရာသို့ မျှော်မှန်းကြည့်နေလေ၏။

"သိပ်မချောင်ပါဘူး ကိုသန်းမြိုင်ရယ် စက်ချုပ်ရတာ ညောင်းလွန်းလို့ အဒေါ်လှဲ့တို့ "မြင်းပျံပွဲရုံ"မှာ သွားပြီး လခစား လုပ်မလားလို့တောင် စိတ်ကူးနေတယ်၊ အရောင်း အဝယ်လည်း တတ်သွားအောင်၊ မနေ့ဖြူက အဒေါ်လှဲ့ကြီး သိတယ် မဟုတ်လား၊ အရင်တစ်ခေါက်လာတုန်းက အိမ်မှာ ထမင်းအတူတူစားသွားကြသေးတဲ့ အဒေါ်ကြီးလေ"

ကိုသန်းမြိုင်သည် တင်မလေးကို မကြည့်ဘဲ ရှေ့သို့သာ စိုက်လျက်ရှိသည်။ စကားဆုံးမှ–

"ဟို ဒေးဒရဲက ဘကြီးညွန့်ကြီးရဲ့ မိန်းမမဟုတ်လား၊ သူတို့က ပွဲရုံနဲ့လား ဘယ်တုန်းကများ စီးပွားဖြစ်နေလို့လဲ"

"မကြာသေးဘူး ဆိုပါတော့ အဒေါ်ကြီး မြင်းပွဲမှာ ထွဲပွဲတိုက်တယ်၊ သုံးသောင်းကျော်လောက် လျော်တယ်ဆိုလားပဲ၊ အဲဒါနဲ့ ပွပြီး စတော့ကိတ်လမ်းမှာ အိမ်ခန်းငှားတယ်၊ ဆေးတွေလှောင်တယ်၊ နဂိုက ဆေးလိပ်ခုံတွေနဲ့ အဆက်ရှိဖူးတော့ သူ့ပွဲရုံက သူများဆေးပွဲရုံတွေထက် ရောင်းရတယ်၊ နေတော့ ဒီကျောက်မြောင်းမှာပဲ နေကြတယ်၊ တစ်နေ့ကပဲ လာပြီး ပြောသွားတယ်၊ စက်ချုပ်ပြီး အညောင်းခံမနေပါနဲ့တဲ့၊ သူ့မှာလဲ ကိုယ်ကွဲတစ်ယောက်မှ မရှိလို့ ဆေးဂိုထောင်မှာ သူနဲ့အတူတူ ဆေးအရောင်းအဝယ် ကူလုပ်ပါတဲ့၊ တစ်လကို ၂၀၀ ကျပ် ပေးမယ်ဆိုလို့ သွားလုပ်ရကောင်းမလားလို့ စဉ်းစားနေတယ်"

နောက်ဖေးမှ ဘဲဥကြော်နံ့သည် အိမ်ရှေ့သို့ လွင့်လာလေသည်။ ကိုသန်းမြိုင်မှာ အနံ့ကို ရှူ၍ ထမင်းဆာသလိုရှိလာသည်။ ကိုသန်းမြိုင်သည် ကုလားထိုင်နောက်သို့ မှီလိုက်လေသည်။

"တစ်လ ၂၀၀ ကျပ်ဆိုတာတော့ တော်သားပဲ၊ ဒီလိုချည်းလဲပဲ မနေစေချင်ဘူး တင်မလေးရယ်၊ ရန်ကုန်မှာ မိန်းကလေးတစ်ယောက်တည်း ရှာရဖွေရတယ်ဆိုတာ ကိုယ်တော့ မကြည့်ရက်နိုင်ပါဘူး၊ မောင်ကလေးတွေ လူလားမြောက်ပြီး မိန်းမရသွားကြတဲ့အထိ အပျိုကြီး လုပ်နေမယ်လို့ အဓိဋ္ဌာန်ထားတုန်းပဲလား၊ တော်တော်ကြာ မောင်တွေ အိမ်လိုက်ပြီး တူကလေးတွေ ထိန်းဦးမလို့လား"

တင်မလေးသည် ကိုသန်းမြိုင်စကား၏ ကောက်နုတ်ချက်ကို တွေးငေးနေလေသည်။ ရင်ထဲ၌ လှိုင်းလုံးများ ထကြွနေလေသည်။ လှိုင်းလုံးများသည် အတော်ဝေးသော ကမ်းစပ်သို့ ပြေးလိမ့်သွားကြလေသည်။

အတန်ကြာ တိတ်ဆိတ်နေကြပြီး "အင်း…တင်မလေး ခေါင်းရှုပ်သွားပြီ ထင်တယ်၊ ဒီစကား ဒီတင် ရပ်မှပဲ"

ကိုသန်းမြိုင်သည် ရယ်စရာများ ရှာဖွေပြောနေလေသည်။

တင်မလေးမှာ အလိုက်အထိုက် ရယ်ပြုံးနေသော်လည်း ကိုသန်းမြိုင်၏ တိုက်တွန်းချက်ကို တွေးနေသည်၊ အရင်တစ်ခါလာတုန်းကထက် အိမ်ထောင်ရေး အရိပ်အရောင်သန်း

သော စကားများကို ပိုပြောလာသည်ဟု သဘောရသည်။ စကားပြောင်း၍ ရယ်စရာကလေးများ ပြောနေပုံမှာ ရွှင်ပြီ စရာကောင်းလေသည်။

မောင်မောင်ကြီးနှင့် မောင်မောင်လေးတို့ကျောင်းက ပြန်ရောက်လာကြသဖြင့် "တင်မလေး ထမင်းသွားပြင် ဦးမယ်"ဟု ဆိုကာ ထသွားလေသည်။

မောင်မောင်ကြီးနှင့် မောင်မောင်လေးမှာ ကိုသန်းမြိုင် ကို မြင်လျှင် အူယားဖားယားဖြင့် ပြေးတက်လာကြကာ "ဦးလေး လာပြီဟေ့...ဘိုင်စကုပ် ကြည့်ရတော့မယ်"ဟု ခုန်ပေါက်အော်ဟစ်လျက် ဆူနေကြသည်။

ကြီးတော်ကြီးက "လာဟေ့ မောင်သန်းမြိုင် စားကြ စို့"ဟု ဆို၍ ညနေစာကို နောက်ဖေး၌ ဝိုင်းဖွဲ့စားကြ သည်။

ထမင်းစားပြီးကြသောအခါ မီးဖိုထဲ၌ လက်ဖက်ရည် ကြမ်း လက်ဖက်သုပ် စသည် ချကာ ဝိုင်းထိုင်စားသောက် လျက် စကားစမြည် ပြောနေကြ၏။

ကိုသန်းမြိုင်သည် တော၌ စပါးဝယ်ပုံ၊ လယ်သမား များ ဒိုင်သို့ စပါးသွားရောင်းလျှင် ငွေစောင့်ရသည်မှာ စရိတ် ကုန် အချိန်ကုန်လှ၍ ပေါက်ဈေးထက် လျှော့ရောင်းကြရ သည့် လယ်သမားများ၏ အခက်အခဲများကို ပြောပြနေ သည်။ ကြီးတော်ကြီးမှာ ကိုယ်ကို လျှောနိုင်သမျှ လျှောလျက် ခြေဆင်းကာ နောက်သို့ မှီထိုင်နားထောင်နေ၏။

"ကျွန်မတော့ မြို့ရောက်နေလို့ ဆင်းရဲသားလယ်သမားတွေရဲ့ ညည်းသံကို မကြားရတော့ဘူး၊ အင်္ဂလိပ်လက်ထက် မြေပိုင်ရှင်တွေဆီ သီးစားခံလုပ်ကြတုန်းကလဲ ညည်းကြတာပဲ၊ သူတို့ရဲ့ အကော်အခဲတွေဟာ ဘယ်တော့များမှ သက်သာချောင်ချိလာကြမယ် မပြောတတ်ပါဘူး၊ သနားစရာပါပဲနော်"

တင်မလေးက လယ်သမားများ၏ ပြဿနာကို စိတ်ဝင်စားသည်၊ စာနာသည်။

အမှောင်သည် ကျရောက်လာသည်။ ရေနံဆီလက်ဆွဲမှန်အိမ်ကလေးကို တင်မလေးက ထထွန်းလိုက်သည်။ ကိုသန်းမြိုင်သည် အိမ်ဘေးရှိ ကွက်လပ်ကြီးကို လှည့်ကြည့်နေသည်။

အိမ်ဘေးတွင်ရှိသော ကွက်လပ်ထဲ၌ တဲအိမ်များ ရှိကြသည်။ လူဆင်းရဲများ အနေများသော နေရာဖြစ်၍ တဲအိမ်များဖြင့် ပြည့်ညပ်နေ၏။ တဲများဆီမှ ကလေးရိုက်သံ၊ လင်မယား ရန်ဖြစ်ကြသော ဆူသံ ဆဲသံများသည် လုံးထွေး ဆူညံလျက် ရှိနေသည်။

ထိုတဲအိမ်များ၏ နောက်ဘက် သုံးလမ်းကျော်၌ရှိသော ခြံထဲမှ အိမ်၌လည်း လင်မယား ရန်ဖြစ်နေကြသည်။

ဦးအောင်ညွန့်သည် တစ်ခါမှ ပြန်မပြောစဖူး ပြန်လှန်ပြောကာ မြည်တွန် တောက်တီးနေ၏။ ဒေါ်လှဲ့မှာ အနာပေါ်တုတ်ကျသကဲ့သို့ ဆတ်ဆတ်ခါအောင် နာသွားကာ

ခါးထောက်လျက် နှုတ်ခမ်းတလဲ ပန်းတလဲဖြင့် ခံရန်တေ့နေ၏။

"ကျုပ်ဟာ ကျုပ်လုပ်တာ တော်နဲ့မဆိုင်ဘူး၊ ဘာမှဝင်မပြောနဲ့ လူကိုများ မိန်းမညာဏ်လေး၊ ဘာလေးနဲ့ တယ်လေ မပြောလိုက်ချင်ပါဘူး၊ မိန်းမညာဏ်နဲ့ အခုဖောဖောသီသီနေကြရတယ် မဟုတ်လား၊ ဟင်...မိန်းမညာဏ်နဲ့ တော့်အိမ်စုတ်ကို သွတ်မိုးပျဉ်ထောင်ကာ လုပ်နိုင်တယ် မဟုတ်လား"

ဦးအောင်ညွန့်၏ မျက်နှာမှာ ပို၍နီးမြန်းလာသည်။ ချွေးများလည်း နဖူးမှ စီးကျလာသည်။ ဒေါ်လှဲ့၏ ဒေါသအမျက်ချောင်းချောင်းထွက်နေသော မျက်နှာကို မျက်လုံးများမှေး၍ စင်းကြည့်နေကာ အံကို ကြိတ်ထားလေသည်။

"ဟေ့ မင်းဘာပြောနေနေ မြင်းမွေးမှာကို ငါသဘောမတူဘူး၊ အိုကြီး အိုမရှိမှ မြင်းမွေးရဦးမယ်တဲ့ဗျာ မမွေးရဘူး"

"ဝယ်မယ်...မွေးမယ်–တီတိ၊ တစ်ခွန်းမှမပြောနဲ့ မနေချင် ခုဆင်းသွား"

ဒေါ်လှဲ့သည် စက်ဆုပ်သောမျက်နှာဖြင့် ခေါက်မာန်ပစ်လိုက်ကာ ထန်ထန်မာမာကြီး ပြောချလိုက်သည်။

အမှန်စင်စစ် ဒေါ်လှဲ့မှာ ပြိုင်မြင်းမွေးဖို့ရာ ဝါသနာထက်သန်လှ၍တော့ မဟုတ်ပေ၊ မိမိတို့မှာ မြင်းနှင့် အကျိုးပေးလာခဲ့သည်။ ပထမမြင်းပွဲမှ ငွေ ၈၀၀ ကျပ်ကို သူများနှင့်

မတူ ကံထူးပြီးရခဲ့သည်။ ထိုငွေ ၈၀၀ ကျပ်ထဲမှ နောက် တစ်ကြိမ် တွဲပွဲထပ်လောင်းရာတွင်လည်း သူများနှင့် မတူ အောင် ကံထူးလျက် အော်တိုက်လျော်ရ၍ ငွေသုံးသောင်း ကျော်ရခဲ့သည်။ ရသည့်ငွေများဖြင့် မိမိကျွမ်းကျင်လည်ပတ် သော "ဆေး"လုပ်ငန်းကို အခြေစိုက်တည်ထောင်လိုက် သည်။

အိမ်ကို ပြင်ဆောက်လိုက်ကာ အိမ်သစ်နှင့် 'မြင်းပျံ ပွဲရုံ' ပိုင်ရှင်ဖြစ်လာခြားသော်လည်း ဖြူနီးခနဲ ဒီရေတက် သလို ဖြစ်လာသည့် ပစ္စည်းများကို မမြဲမှာ စိုးရိမ်လာမိ လေသည်။

သူများမြင်းယူစီးထားခြင်းကို စိတ်လုံးလုံးမချနိုင်သဖြင့် စိတ်ချရသထက် ချရအောင် နည်းလမ်းရှာကာ အကြံထုတ် ရာဝယ် မြင်းပျံပွဲရုံတွင် အိပ်မက်ရှင် တင်မလေးကို အထိုင် ခိုင်းပြီး မိမိ၏ စီးပွားရေးထဲ၌ တင်မလေးပါ စိတ်ရော ကိုယ်ပါ ဝင်ပါဖို့ရာ လိုလားလာသည်။ စီးပွားရေးဆေး လုပ်ငန်းထဲ၌ တင်မလေးကို အပါဆွဲရ၍ ပါလာခဲ့လျှင် တင်မလေး၏ အတိတ်နိမိတ်ထူးဖြင့် မိမိ၏ မြင်းပျံပွဲရုံ ဆေးလုပ်ငန်းကြီးမှာ ခိုင်မြဲရုံသာမက ယခုထက် တိုး၍ ဖွံ့ ဖြိုးကြီးပွားဦးမည်ဟု ယုံကြည်စွဲလမ်းနေသည်။

ပြင်းပျလှသော စွဲလမ်းယုံကြည်ချက်ကို အကောင် အထည် ဖော်ကြည့်ရန် စိုင်းပြင်းသည့်အခါ တစ်ဆင့်ရှေ့ တိုး၍ အကြံတစ်မျိုးရလာပြန်၏။

ယင်းအကြံကား မိမိစီးပွားရေးထဲ တင်မလေးပါလာလျှင် အိမ်၌ ပြိုင်မြင်းတစ်ကောင် ဝယ်ထားလိုက်ချင်သည်။

တင်မလေး၏ အိပ်မက်ထဲမှ မြင်းကိုလွှတ်ထား၍ မဖြစ်၊ မိမိ ခေါင်းထဲထည့်၍ အပိုင်ချည်ထားမှ ဖြစ်မည်။ သည်မြင်းကို လက်သပ်မွေးလျက် ငွေလိုချင်သည့်အခါမျိုး၌ တင်မလေးဆီက ရွှေရေ၊ ငွေရေ ယူလောင်းကာ ပြိုင်ပွဲသွင်းလိုက်နိုင်သည်။ ပြိုင်ပွဲသွင်း၍ နိုင်သမျှငွေတွေကို အထက်အညာ၌ မြေတွေ ဝယ်၍ ဆေးပင်စိုက်ပျိုးကာ ဆေးလုပ်ငန်းကို လက်ဝါးကြီးအုပ်လိုက်ရရင် ဟန်မှာမုချ…

ထိုအကြံအစည်အတိုင်း ဦးအောင်ညွှန့်ကို ဖွင့်ဟတိုင်ပင်ကြည့်သည်။ ဦးအောင်ညွှန့်မှာ ဒေါ်လှဲ့အလိုသို့ မပါ၊ ပြိုင်မြင်းဝယ်ရေးကို ကန့်ကွက်ရုံသာမက စိတ်ဆိုး မာန်ဆိုးဖြင့် ဒေါ်လှဲ့အား မိန်းမညာဏ်နဲ့ ပက်စက်လိုက်တာဟု ခါးခါးသီးသီး ရှုံ့ချလိုက်၏။

ဒေါ်လှဲ့မှာ သူ့အား "မိန်းမညာဏ်"ဟု ဆိုရပါ့မလားဟု အနာပေါ်တုတ်ကျလျက် ဒေါသူပုန်ထနေကာ အိမ်ပေါ်က နှင်ချနေ၏။

ဦးအောင်ညွှန့်သည် ညဥ့်နက်သွားသည့်တိုင်အောင် အိပ်ရာထဲ၌ ဘယ်ညာလှိမ့်လျက် သက်ပြင်းချနေလေ၏။

အိုကြီးအိုမအရွယ် ပြိုင်မြင်းမွေးရမည့် အဖြစ်ကို ရှက်လည်း ရှက်မိသည်။ အိမ်ပေါ်က နှင်ချရပါ့မလားဟု စိတ်နာကျည်းလွန်း၍ ဆင်းသွားမည်ဟု ကြံလိုက်သေးသည်။

သို့ရာတွင် ဇရာ ဒုဗ္ဗလအရွယ် လုပ်ကိုင်မစားနိုင်သည် ကတစ်ကြောင်း၊ သားသမီးများ၏ သံယောဇဉ် ကြီးမား သည်လည်းတဝ၊ အကြောင်းကြောင်းတွေကြောင့် ဒေါ်လှဲ့ ကို တုံ့ပြန်ကာ အာမခံရဲပေ၊ မိမိ၏ ဘဝအကျိုးပေးပုံကို အော့နှလုံးနာလာလေသည်။

အပြင်ဘက်တွင် လသည် ထွက်နေပေသည်။ မြူတိမ် များ ကင်းစင်သော လရောင်ရိပ်၌ ကျနေသည့် အိပ်ရာထဲ ၌ ဦးအောင်ညွှန့်မှာ လူးလွန့်လျက် ငါးဖယ်ပြန်နေပေ၏။ သေကာနီးမှ မြင်းမွေးရမည့် အဖြစ်ကို စက်ဆုပ်ထိတ်လန့် ကာ စိတ်နှလုံး မချမ်းသာလွန်းသဖြင့် မျက်ရည်များ ယို စီမ့်ကျလာလေသည်။

လသည် မြင့်၍ ပိုလင်းလာသည်။

ထိုလရောင်သည် ဦးအောင်ညွှန့်နှင့် သုံးလမ်းကျော်ရှိ တင်မလေး အိမ်ခန်း၊ ပြတင်းပေါက်ထဲသို့ ဝင်လာလေ၏။ တင်မလေးသည် တရေးနိုးလရောင်ကို မျက်လုံးဖွင့်ကြည့် သည်။ လရောင်ထဲ၌ ပိုးတိုးဝါးတား ပေါ်လာသော မျက်နှာ ကို တစိမ့်စိမ့်ကြည့်နေမိသည်။ ညဦးက ပြန်ကာနီး နှုတ် ဆက်သွားသော ကိုသန်းမြိုင်၏ အကြည့်သည် လရောင်နှင့် အတူ အသည်းထဲသို့ ဖိတ်ဝင်စီးစွတ်လျက် ကြည်မြနေ လေ၏။

*　*　*

# (၅)

နတ်တို့ ဖန်– ရေကန်အသင့်၊ ကြာအသင့်ဖြစ်သွားချေပြီ။

ဒေါ်လှဲ့သည် လက်ညှိုးထိုးရာ ရေဖြစ်နေသည့်အတွက် စိတ်ကြီးဝင်ကာ ဘဝင်များပင် မြင့်နေ၏။

တင်မလေးမှာ ဒေါ်လှဲ့၏ မြင်းပျံပွဲရုံတွင် တစ်လ ၂၀၀ ကျပ်ဖြင့် အလုပ်ဝင်လုပ်နေသည်။ တင်မလေးရောက်လာပြီး မကြာမီ ပြိုင်မြင်းမတစ်ကောင်ကို ကိုးထောင်နှင့် ပေးဝယ်လိုက်သည်။ "မိုးနတ်မယ်"အမည်ပေးလျက် မြင်းဇောင်းဆောက်ကာ မြင်းဇောင်းထဲ၌ ချည်ထားလိုက်၏။

ဒေါ်လှဲ့မှာ တင်မလေးကို အထူး အရေးပေးထားသည်။ ငွေကိုင်၊ စာရင်းကိုင်၊ ဆေးရောင်း၊ မိတ်များအောင်လုပ်နိုင်းကာ တင်မလေးကို ပွဲရုံမန်နေဂျာဟု စမ်းတင်လျက် ပွဲထုတ်နေလေသည်။

ပြိုင်မြင်းမွေးပြီးမှ မြင်းအလုပ်က တစ်ဖက်ရှိသောကြောင့် ဆေးလုပ်ငန်းကို တင်မလေးအား ပုံ၍ လွှဲထားလိုက်သည်။ တင်မလေးမှာ အစစအရာရာ သေဌေးမှောက်ဖြစ်လျက်၊ ကိုယ့်လက်ကိုယ့်ခြေ ကိုယ့်သဘောအတိုင်း ဖြစ်နေပေသည်။

မီမီအား ယုံကြည်၍ ပုံထားတာပဲဟု နားလည်ကာ စိတ်ချရသထက် ချစေရန် အဘက်ဘက်က လိုအပ်တာထက်ပင် ပိုမို၍ ဝတ္တရားကျေနေ၏။ သစ္စာရှိစွာ လုပ်ကိုင်ပေးသည်။

ဒေါ်လှဲ့သည် လခကို ၂၀၀ ကျပ်ပေးသည့်အပြင်၊ တင်မလေး၏ စိတ်ဓာတ်ကို ကောင်းကောင်းကြီး အကဲခတ်လျက် တခြားနည်းလမ်းဖြင့်လည်း တစ်မျိုးပေးထားသေးသည်။

"တင်မလေး၊ အိမ်သုံးဖို့လခနှင့် မလောက်ရင် စာရင်းမှတ်ပြီး ယူသာသုံးနော်၊ ဘာမှ အားနာမနေနဲ့၊ ယူသုံးတာစာရင်းနဲ့သာ မှတ်ထား၊ နောက်လခထဲက နည်းနည်းဖဲ့ဆပ်သွားတာပေါ့၊ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဒီလိုပဲပေါ့။ အိမ်က အတိုးကြီးဆိုတာက သိတဲ့အတိုင်းပဲ၊ ဘာမှအလုပ်ထဲမှာ ကူဖော်လောင်ဘက်မရတဲ့အပြင် ကပ်ဖဲ့ကြီး"

တင်မလေးမှာ ဒေါ်လှဲ့၏ စေတနာကို ဦးနိုက်လေးစားသွားသည်။ သူက သည်လောက် ကောင်းနေရင် ကိုယ်ကသူ့ထက်ပိုကောင်းမှဟု သဘောထားလျက် စာရင်းနဲ့ မှတ်

သုံးဆိုခြင်းကို အလကားပေးသကဲ့သို့ ကျေးဇူးကို ရှာပြီး တင်ရသည်။

ဆေးလုပ်ငန်း ဝင်လုပ်စက ဆေးနံ့တွေကို နှာခေါင်း ရှိုင်းနေ၍ သည်းမခံနိုင်၊ ဆေးနံ့ရလျှင် ချက်ချင်း ခေါင်း ကိုက်ဇက်လေး ဖြစ်လာသည်။

ငါးလခြောက်လလောက် ရှိလာတော့မှသာ နှာခေါင်း ယဥ်လာကာ ဆေးရွက်များကိုလည်း မြင်တာနှင့် ဒါရွှေတစ် ဆုပ်၊ ရွှေလက်ဝါး၊ ရွှေကျင်၊ ကာမ စသည်ဖြင့် လည်လည် ဝယ်ဝယ် ခွဲခြားလျက် သိလာလေသည်။

စက်ချုပ်နေရစဥ်က ဝင်ငွေထွက်ငွေကို ညီမျှအောင် ဇယားချကာ တိုင်းထွာသုံးစွဲနေရသဖြင့် ကြွေးကင်းခဲ့သည်။

"မြင်းပျံပွဲရုံ"တွင် မန်နေဂျာဝင်လုပ်မှ လကုန်လျှင် လခရမှာပဲဟု ကြွေးယူရန် ရဲတင်းလာသည်၊ ကျောက် မြောင်းမှ စတော့ကီတ်လမ်းသို့ နေစဥ် အလုပ်ဆင်းနေရသော ကြောင့် အဝတ်အထည်ကို တစ်နေ့တစ်ထည် လဲရသဖြင့် အဝတ်အထည်များကို လခစောင့်ဝယ်နေ၍ မဖြစ်နိုင်။

"လခထုတ်တော့ ပေးပါ"ဟု အကြွေးထိုးပေးသော အထည်ဆိုင်များတွင် အထည်ကို အကြွေးယူလျက် ချုပ်ဝတ် ရလေသည်။

ကျောင်းသားများ၊ ကျောင်းစရိတ်၊ အိမ်စရိတ်၊ အိမ် စရိတ်များအပြင် မိမိ၏ ခရီးစရိတ်များပါ ယခင် အချိုးအစား ထက် တက်လာကာ ကြွေးကလည်း ရှိသဖြင့် လခထုတ်

လာလျှင် ဟိုကုန် သည်ကုန်ဖြင့် လကုန်ကာနီး ငွေပြတ်နေတတ်သည်။

တင်မလေးမှာ လနှင့် လောက်ငအောင် သုံးမည်။ ဒေါ်လှဲ့က ယူသုံးပါဆိုတိုင်း ယူမသုံးပါဘူးဟု ဇောဇော ပိုင်းက ပြဌာန်းသောစိတ်သည် (၆) လလောက်တွင် အရည် ပျော်သွားလေသည်။

ငွေကို ယူသုံးနိုင်အောင် ဒေါ်လှဲ့က လမ်းဖွင့်ပေးထား၍ လနှင့် မလောက်သည့်လများတွင် စာရင်းမှတ်လျက် ခဏယူသုံးခြင်းဖြင့် ဒေါ်လှဲ့၏ ကြော့ကွင်းကို တိုးဝင်မိလေသည်။

ငွေကို လိုတိုင်း ယူသုံးနိုင်ခွင့် ရှိသည့်အတွက် ဒေါ်လှဲ့ကို ကျေးဇူးရှင်ကြီးဟု အောက်မေ့ နှလုံးသွင်းလိုက်ကာ ကျေးဇူးရှင်၏ အကျိုးစီးပွားကို ဘယ်ဘက်ကမှ မလစ်ဟင်းရအောင် အချိန်ရှိသ၍ ကုန်းကျုံးလုပ်နေသည်။

ဒေါ်လှဲ့၏ လိုလားချက်အတိုင်း တင်မလေးသည် ဒေါ်လှဲ့၏ စီးပွားကို၊ ကိုယ့်စီးပွားကဲ့သို့ သဘောထား လုပ်ပေးလာသည်။ ကုန်သည်လောကတွင် မြင်းပျံပွဲရုံမှာ ပိုင်ရှင်ဒေါ်လှဲ့၏ နာမည် သည်လောက်မထွက်ဘဲ တင်မလေး၏ နာမည်သာ ထွက်နေသည်။ နယ်က ဖောက်သည်များနှင့် မြို့ပေါ်က ဆေးဖောက်သည်များမှာ တင်မလေးနှင့်သာ အရောင်းအဝယ် ဆက်သွယ်နေကြလျက် အချို့ကုန်သည်များ ဒေါ်လှဲ့ကို မမြင်ဘူးကြပေ။

"ကျွန်မယူသုံးတာ အဒေါ်လှဲ့ရယ် တတိတိနဲ့ တထောင်ကျော်နေပြီ၊ ကျွန်မလခထဲက တစ်လ ၅၀ ကျပ် ဆပ်သွားမှ ဒီကြွေးမြန်မြန်ကျေမှာပဲ"ဟု အားနာလွန်း၍ မျက်နှာပူပူဖြင့် တောင်းပန်ပြောလိုက်သည်။

ဒေါ်လှဲ့သည် ငွေနှင့် ပတ်သက်၍ တင်မလေးပေါ်၌ ဘယ်လိုမှ မအောက်မေ့ပုံကို သရုပ်ဆောင်နိုင်စွမ်း ရှိသည်။

ပြောကာမှ မျက်နှာသည် ပို၍ ချိုမြသွားသည်။ တင်မလေး ပြောနေသည့် စကားကို တစ်စက်မှ အရေးမထားသည့်ပုံ မျက်နှာကို ပို၍ ခံ့ညားအောင် ချိုသာတည်ငြိမ်ထားလျက်–

"တင်မလေးသုံးတဲ့ငွေကို ကျုပ်က ဘယ်တော့မှ စဉ်းစားတာမဟုတ်ဘူး။ ၅၀ ကျပ်သွင်းနိုင်လဲ သွင်း၊ မသွင်းနိုင်သေးလည်းနေပေါ့၊ အလုပ်သာ ကြိုးစား၊ ဒါတွေ ပူမနေပါနဲ့"ဟု ခပ်တိုတို ပြန်ပြောလိုက်ကာ အခြားကိစ္စကို မြန်မြန် စကားပြောင်းပစ်လိုက်သည်။

ဒေါ်လှဲ့က ကြွေးအတွက် အေးစက်စက်လုပ်လေလေ တင်မလေးမှာ ရင်ထဲ၌ လေးလေလေ ဖြစ်နေသည်။ မိမိပေါ်၌ ကောင်းအားကြီးသဖြင့် ကျေးဇူးတင်လွန်း၍ ဒေါ်လှဲ့၏ ငွေကို ချက်ချင်းသာပုံ၍ ဆပ်လိုက်ချင်သည်။ မြန်မြန်ကျေသွားအောင် ဆပ်ဖို့ရာ မိမိ၌ စက်ကလေးတစ်လုံးကလွဲ၍ ဘာမျှ ထုခွဲရောင်းချဆပ်စရာ မရှိသဖြင့် စက်ကလေး ရောင်းရန် စိတ်ကူးကြည့်မိသည်၊

ဒေါ်လှဲ့သည် တစ်လ ၅၀ ကျပ် ဆပ်ခဲ့လျှင် နှစ်နှစ်နီးနီးဆပ်မှကျေမည်ကို တွက်လျက် သူ့ငွေမကြေမချင်း သူ့လက်တွင်းက မလွတ်နိုင်မှန်း စိတ်ထဲ၌ အပြီး စိတ်ချထားသည်။

ဒေါ်လှဲ့မှာ အပတ်တိုင်း မြင်းပွဲသို့ သွားသည်။ တစ်ခါတစ်ရံ တင်မလေးကို မြင်းပွဲကြည့်မလားဟု တောက်စမ်းကြည့်သည်။

တင်မလေးက "ကျွန်မ ဝါသနာမပါဘူး အဒေါ်လှဲ့ ရယ် မသွားပါဘူး"ဟု ငြင်းပယ်လိုက်သည်။

မိုးနတ်မယ် မြင်းမှာ မွေးထားပြီးကတည်းက တစ်ပွဲမှ မနိုင်သေးပေ၊ ပွဲသွင်းတိုင်း နောက်ဆုံးက လိုက်သည်။

"ကျုပ်မြင်းက အချိန်မကျသေးလို့ ရပ်နေသေးတာ မပြေးသေးဘူး။ အချိန်ကျလို့ ပြေးတော့ မိုက်မိုက်ကန်းကန်း ပြေးမှာ"

ဦးအောင်ညွန့်သည် မျက်နှာကို တစ်ဖက်သို့ လှည့်ကာ ရှုံ့နေလိုက်သည်။

တင်မလေးအိမ်လာ၍ ဒေါ်လှဲ့သည် တင်မလေးကို မြင်းဓာတ်ပုံထဲက မိုးနတ်မယ်ရှေ့သို့ ရောက်အောင် ခေါ်သွားကာ မြင်းကို ပြလေသည်။

"ဘယ့်နှယ်လဲ တင်မလေး မြင်းကြီးက ကျက်သရေမရှိဘူးလား၊ သေသေချာချာ ကြည့်စမ်းပါ လှတယ်နော်၊ သိပ်လိမ္မာတဲ့မြင်း သန္ဓေလည်းကောင်းတယ်၊ မြင်းများဟာ

တည့်တည့်သွားတာ၊ ဘယ်တော့မှ ကွေ့ကောက်မသွားဘူး၊ ဒီပြင် တီရစ္ဆာန်တွေလို ဟိုထိုးသည်ထိုး သွားတာမျိုး မဟုတ်ဘူး၊ စိုက်လိုက် မတ်လိုက် သွားတတ်တာ"

ဒေါ်လှဲ့သည် စိတ်ညို့ပညာရှင်ကြီးတစ်ဦးကဲ့သို့ မြင်းနှင့် ငွေရှာနေမှန်း တင်မလေး အာရုံမရောက်အောင် မျက်စိလှည့်ထားလိုက်သည်။ မြင်းကို တင်မလေး အာရုံတစ်မျိုးဝင်စားလျက် စိတ်ညွတ်လာအောင် စကားကို ဖွဲ့နွဲ့ပြောတတ်သည်။

"ဟုတ်တယ်...အဒေါ်လှဲ့ မြင်းတွေဟာ ဒီပြင်တိရစ္ဆာန်တွေလို မဟုတ်ဘူး၊ ဖြောင့် ဖြောင့်သာ သွားတယ်နော်"

ဒေါ်လှဲ့သည် မျက်နှာပိုးသပ်လျက် ဣန္ဒြေရရ ခေါင်းကို ဖြေးဆေးစွာ ညိတ်ပြရင်း...

"မျဉ်းတားတယ်ဆိုရင် မျဉ်းကြောင်းကို ကောက်ကောက်ကွေ့ကွေ့တားသလား တင်မလေး ဖြောင့်ဖြောင့်ကြီးတားရတယ်မဟုတ်လား မြင်းလဲ ဒီလိုပဲပေါ့"

ဦးအောင်ညွန့်သည် တစ်နေရာမှ နားထောင်နေလျက် တင်မလေးအား နားလှည့်ပါးလှည့် ပြောနေပုံကို နားကြားပြင်းကပ်သွားလေသည်။ "ဉာဏ်အင်မတန်များတဲ့ မိန်းမ၊ သူ့တစ်ကိုယ်လုံး အကြံကြီးပဲ"ဟု စိတ်ထဲက ကဲ့ရဲ့မိကာ "ဒီသူငယ်မလေး ဘာမှမသိရှာဘူး" ဟု မျက်နှာညှိုးကျသွားလေ၏။

တင်မလေးသည် ဒေါ်လှဲ့ မြင်းမွေးခြင်း၊ မြင်းလောင်းခြင်းကို နည်းနည်းမှ မကြိုက်ပေ။ မကြိုက်နှစ်သက်သော်လည်း သူ့ဟာသူ မြင်းမွေးမွေး၊ မြင်းလောင်းလောင်း၊ ကိုယ်နှင့် ဘာမှမဆိုင်ဘူး၊ ကျေးဇူးရှင်ဟာ ကျေးဇူးရှင်ပဲဟု စိတ်ထားကာ မကြိုက်ခြင်းကို ရင်ထဲ၌ပင် သိုသိပ်ထားလျက် ရေငုံနေလိုက်ရသည်။

အရပ်ထဲက "မြင်းလောင်းတဲ့ မိန်းမကြီး"၊ "မိန်းမတန်မဲ့ မြင်းမွေးတယ်" စသည်အားဖြင့် မေးငေါ့ ကဲ့ရဲ့နေကြမှန်းသိလျက် မကြားချင် မသိချင်ယောင် ဆောင်နေလိုက်သည်။

တင်မလေး "မြင်းပျံပွဲရုံ'တွင် မန်နေဂျာဝင်လုပ်မှ တင်မလေးရှေ့တွင် ဒေါ်လှဲ့၏ အကြောင်းကို ဟာဟာမပြောရဲကြပေ။

တင်မလေးသည် ဒေါ်လှဲ့အကြောင်း သူများနှင့် စကားစပ်မိခဲ့လျှင် စိတ်သဘောကောင်းကြောင်း၊ ဖြူစင်ကြောင်း၊ အတ္တဟိတ၊ ပရဟိတတရား လက်ကိုင်ရှိကြောင်းများကို မမောမပန်းနိုင်လောက်အောင် ဂုဏ်သတင်း ထုတ်ဖော်ချီးကျူးပြောတတ်လေသည်။

ပွဲရုံထဲ၌ လုပ်နေသော အလုပ်သမားများကို လုပ်ငန်းနှင့် ပတ်သက်၍ သူကဲ့သို့ သစ္စာရှိကြစေရန် ဝတ္တရားကျေပွန်ကြစေရန် ဟောပြောကာ ရှေ့ဆောင်နိုင်မှုကြောင့် လုပ်သားများမှာ ဒေါ်လှဲ့က ငါးခြောက်ဆိုလျှင် အားလုံး

ဖုတ်ပြီးသား ဖြစ်နေကြသည်။ လုပ်သားများသည် ဒေါ်လှဲ့ကို ဝိုင်းဝိုင်းလည် ပြားပြားဝပ်လျက် ကိုယ့်ဝတ္တရားကိုယ် ကျေပွန်ကြရာ ဒေါ်လှဲ့အဖို့ရာတွင် တပ်လုံလျက် နောက်မီးသေပြီးသား ဖြစ်နေ၏။

တင်မလေးသည် လခနှင့် မလောက်၍ ငွေယူသုံးစွဲရခြင်းအတွက် သဒ္ဓါလွန်း ဆွမ်းတော်တော်ရပ်ဖြစ်မှာ စိုးလာသည်။ အလိုက်သိကာ ငွေကို ယူမသုံးရအောင် အချိုးပြင်၍ ခြိုးခြံ သုံးစွဲလာလေသည်။

ပြောသည့်အတိုင်း ဂတိတည်ချင်သဖြင့် လခထဲမှ ငွေ ၅၀ ကျပ်ဖုံ့ဆပ်နေသည်။ ယခင်ကလို မဟုတ်တော့ဘဲ အိမ်၌ ငွေကြပ်လာရာ၊ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရအောင် ညဘက်တွင် စက်ပြန်ချုပ်နေလေသည်။

တင်မလေး စက်ပြန်ချုပ်နေမှန်းသိ၍ ဒေါ်လှဲ့မှာ မကြိုက်ခြင်းကို ဖွင့်မပြောဘဲ ရင်ထဲ၌ ထားလျက် ဆေးလုပ်ငန်းကို မက်မောလာအောင် တစ်ဖက်လှည့်ဖြင့် စိတ်ကို ကြိုးစားဆွဲယူနေရလေသည်။

"ဒီလုပ်ငန်းကြီး ဒီထက်ကြီးပွားလာရင် ကိုယ့်အဖို့ချည်း မဟုတ်ပါဘူး၊ အညာမှာ မြေတွေ သွားဝယ်ပြီး ဆေးပင်စိုက်ပျိုးရေး လုပ်ငန်းကြီးလုပ်မယ်၊ တစ်ပြည်လုံး ပွဲရုံတွေ ဖွင့်ပေးထားပြီး ဆေးဖြန့်ပေးမယ်။ ကိုယ့်နယ်နဲ့ကိုယ်ရောင်းကြ၊ ကော်မရှင် ယူကြပေါ့၊ အားလုံး သူဌေး ဖြစ်ကြဖို့ပဲ"

တင်မလေးသည် ဒေါ်လှဲ့၏ စေတနာကို မစားရ ဝခမန်း ကျေးဇူးတင်မိလေသည်။ တစ်နေ့နေ့တော့ ကြီး ပွားရမှာပဲဟု ယုံကြည်ထားကာ ရေးကထက် တွင်ကျယ် အောင် ကြိုးစား ရေးချလျက်နေ၏။

မြင်းပွဲရုံမှ အလုပ်သိမ်းခဲ့ပြီးနောက် အိမ်ရောက်ရောက် ချင်း တင်မလေးသည် စက်ခုံပေါ်၌ ရောက်နေတတ်သည်။

ကြီးတော်ကြီးသည် တင်မလေး ပင်ပင်ပန်းပန်း စီးပွား ရှာဖွေနေရပုံကို မရှုစိမ့်နိုင်ကာ အိမ်ထောင်သာ ပြုစေချင်နေ သည်။

တစ်ညဝယ် တင်မလေးသည် မှန်အိမ်ကို စက်ခုံပေါ် ၌တင်ကာ ညဥ့်နက်သည်အထိ တချောင်းချောင်းနှင့် စက် ချုပ်နေလေသည်။

ကြီးတော်ကြီးသည် အိပ်ရာမှ ထလာကာ အိမ်ရှေ့ ပက်လက်ကုလားထိုင်တွင် လာထိုင်လျက် ဆေးလိပ်တိုကို ဖွာနေသည်။

"ကြီးတော် အိပ်လေ...မနက် အရုဏ်ဆွမ်းထကပ် တော့ အိပ်ပျက်နေမယ်"ဟု တင်မလေးက လှမ်းပြောလိုက် သည်။

"မအိပ်ချင်လို့အေ... နေ့လည်က အိပ်တာ မျက်လုံး ကျယ်နေတယ်။ ဒါထက် မောင်သန်းမြိုင်တစ်ယောက်လည်း မပေါ်လာတာ ကြာသွားပြန်ပြီနော်"

တင်မလေးသည် စက်ကို တအားဖိနင်းနေခြင်းကို အရှိန်ဖြည်းဖြည်းလျှော့လိုက်ကာ ဘာမှပြန်မပြောဘဲ ချုပ်မြဲချုပ်လျက် နေ၏။

ကိုသန်းမြိုင်ကို ကွက်ခနဲ မြင်ယောင်လိုက်သည်။ ကိုသန်းမြိုင်ကို သတိရမိလျှင် ရင်ထဲတွင် တစ်မျိုးတစ်မည်ကြီး ဖြစ်လာလေသည်။

မိမိအား ကိုသန်းမြိုင်က စိတ်ညွတ်မှုန်း ထင်မြင်သောအသိကို အသိသာ ထားလျက် ကိုယ့်အပေါ်မှာ ကိုယ်ပင် ပွင့်ပွင့်လင်းလင်း မစဉ်းစားရဲပေ။

အိမ်ထောင်ပြုလိုက်လျှင် ကိုယ့်ဘက်က ကိုယ့်တစ်ယောက်တည်း မဟုတ်ဘဲ တပြုံကြီး တာဝန်ရှိနေသောကြောင့် ထိုတာဝန်များက ရှေ့ဆက်၍ မစဉ်းစားရဲအောင် တားဆီး၍ထားသည်။

ကိုသန်းမြိုင်က ရေလာမြောင်းပေး ပြောလေတိုင်း မိမိဘက်က တာဝန်ကြီးတွေ ရှိနေ၍ မတုန်မလှုပ် လုပ်နေလိုက်သည်။ နောက်ဆုံး ကိုသန်းမြိုင်က ပွင့်လင်းစွာ ဖွင့်ပြောသည့်တိုင်အောင် မိမိက ငြင်းဆန်မှု ကောင်းမည်ဟု အိမ်ထောင်ရေးတွင် သည်အတိုင်းပဲ နားလည်နေလေ၏။

"မောင်သန်းမြိုင်ဆီက... စာများ မရဘူးလား ဟယ်..."

တင်မလေးသည် ခြေနင်းကို ရပ်လိုက်ကာ မျက်လုံးကြီး ပင့်လှန်ကြည့်လျက် "မရပါဘူး ဘယ်တုန်းကမှ စာ

မရေးဘူးပဲ”ဟု အံ့အားသင့်ဟန်ဖြင့် ပြန်ပြောလေသည်။

“လူရိုးလူကောင်းကလေးပဲ၊ ညည်းကို ခင်မင်ပုံရပါတယ်အေ”

“အို အကြီးကလဲ”ဟု တင်မလေးက လှမ်းပီတ်လိုက်ကာ စက်ကို ပြန်၍ နင်းနေ၏။

“ညည်း ဒီလိုနေလို့တော့ မတော်ဘူး တင်မလေး၊ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ရမယ်၊ ခုလို ပင်ပင်ပန်းပန်း ရှာဖွေနေတာကို ငါလည်း မကြည့်ရက်ပါဘူးအေ၊ အိမ်ထောင်သာ ပြုစေသချင်တာပဲ၊ မောင်သန်းမြိုင် ဒီတစ်ခါလာရင် ငါပြောမယ်လို့ စိတ်ကူးထားတယ်”

“မဟုတ်တာ အကြီးကလဲ၊ ဘယ့်နှယ်မြင်းက မလှုပ်ခုံကလှုပ်၊ မိန်းမက စပ်ရမယ်လို့ မပြောပါနဲ့ ကျွန်မ အိမ်ထောင်မပြုဘူး”

တင်မလေးသည် မျက်နှာများ နီမြန်းသွားကာ ခေါင်းကို မဖော်ဘဲ ငုံ့ချုပ်ရင်း ပြောသည်။

“မိန်းမက စရတယ် ဘယ်ဟုတ်မလဲအေ့ သူ့အကဲကြည့်ရတာ ညည်းက မောင်ကလေးတွေ လူလားမမြောက်မချင်း အိမ်ထောင်မပြုဘူးလို့ ခေါင်းမာနေတာ သိတော့သူ့ခမြာ ဟာ–ဟာ ပြောနိုင်တော့မလဲ၊ ပြောလိုက်လို့ ငြင်းခဲ့ရင် မဝင့်ရဲ၊ မထွက်ရဲအောင် ဖြစ်မှာစိုးတယ် ထင်ပါရဲ့၊ ဒါကြောင့် အချိန်ဆွဲပြီး ညည်းအကဲကို ကြည့်နေမှန်း ငါသိပါတယ်၊ တို့လည်း ပျိုရာက အိုလာတာပါတော်၊ ဒါ

လောက်တော့ အကဲခတ်တတ်ပါသေးတယ်၊ ညည်းကို သူလိုချင်တယ်"

တင်မလေးသည် မျက်ရည်များ လည်လာလေသည်။ ကိုယ့်ဟာကိုယ် ရှာစားမယ်ဟု တင်းထားသောစိတ်မှာ ပျော့ပြည်ကျသွားသည်၊ ဘဝ၏ ဖန်တီးပုံကို ဝမ်းနည်းသွားသည်။ သွားလေသူ မိဘများ၏ မျက်နှာကို မြင်ယောင်လျက် ရှိုက်ငင်လိုက်မိသည်။

"ပွဲရုံအလုပ်က တစ်ဖက်၊ စက်ကလဲ ချုပ်ရသေးတယ်၊ ပိုလျှံတယ်လို့ကလဲ ဘယ်လမှ မရှိဘူး၊ အားလုံးက ညည်းကို မှီနေကြရတာ၊ စက်ချုပ်နေတုန်းက ကြွေးမတင်ခဲ့ဘူး၊ အခု ဒေါ်လှဲ့ကြွေးတွေတင်နေပြီ၊ ဆပ်နေရတာ အခု ဘယ်လောက်ကျန်သေးသလဲ"

"၈၀၀ ကျပ်လောက် ကျန်သေးတယ်"

တင်မလေး၏ အသံတုန်ရင်လျက် ရှိပုံကို ကြီးတော်က သတိထားလိုက်သည်။

"ဒီ ၈၀၀ ကျပ်ဟာ ဘယ်နှစ်လကြာအောင် ဆပ်နေရဦးမှာလဲ၊ ညည်းပွဲရုံအလုပ်ကို ကြည့်ရတာ မဟန်ပါဘူးအေ၊ စက်ချုပ်ရတာလည်း ပင်ပန်းတာပဲ ငါ့သဘောတော့ သူ့ကြွေးကို ကြေအောင် မြန်မြန်ဆပ်ပြီး..."

"ဘာနဲ့ ဆပ်ရမှာလဲ"ဟု တင်မလေးက ဝမ်းနည်းပန်းနည်းအသံဖြင့် ဖြတ်မေးလိုက်သည်။

အကြီးသည် ပက်လက်လှန်နေရာမှ ထိုင်လိုက်ကာ တင်မလေး၏ မျက်နှာကို စိုက်ကြည့်လျက် မီးရဲအောင် ဆေးလိပ်ကို ဖွာရှိုက်လျက် နေသည်။

"အေး...အဲဒါ ငါစဉ်းစားနေတာပဲ၊ ညည်းကလည်း အိမ်ထောင်မပြုဘူးဆိုတော့ ခက်သားပဲ၊ ငါ့သဘောကတော့ အိမ်ထောင်သာ ပြုစေချင်တာပဲ၊ မပြုရင်လဲ တို့များအိမ်ကို ခေါပေါင်ပြီး ရတဲ့ငွေ သူ့ကြွေးဆပ်၊ ပိုတာကို စက်နှစ်လုံး သုံးလုံး ထပ်ဝယ်လိုက်ပြီး ဘော်လီဖြစ်ဖြစ် အင်္ကျီနဲ့ချုပ်၊ ကိုယ်က သိပ်အချောင်းမခံတဲ့ ပြရုံ ပြပေးပေါ့၊ ညည်းလက်ရာ လည်း လူကြိုက်များတာပဲဟာ၊ ဒီလိုနဲ့ ပြန်စုပြီး အိမ်ပြန် ရွေး၊ လုပ်ငန်းလည်းရဲ့ ဒါမှ ကြီးပွားလာနိုင်တဲ့လမ်းပဲလို့ ငါမြင်တယ်၊ အကောင်းဆုံးကတော့အေ အိမ်ထောင်ပြုလိုက် တာ အကောင်းဆုံးပါပဲ"

တင်မလေးသည် စက်ကို ပြန်နင်းနေကာ နှုတ်ဆိတ် နေလေ၏။ ကြီးတော်ကြီးသည် အတန်ကြာ ထိုင်နေပြီး နောက် 'အိပ်မယ်အေ' ဟု ဆိုကာ အိပ်ရာဆီသို့ ထသွား လေသည်။

တင်မလေးသည် ကြီးတော်ကြီး ထသွားမှ မျက်ရည် များကို သွန်ချလိုက်သည်။ အသံမထွက်အောင် ကျိတ်ရှိုက် နေ၏။ စီးပွားရေး အခြေအနေအတွက် စိတ်ညစ်တာ ကြာ လှပြီ။ ကိုယ်သာ ခေါင်းမဆောင်နိုင်လျှင် ဘယ်လိုနေကြ မလဲဟု တွေးကာ ခေါင်းနောက်သွားလေသည်။ ဘော်လီ

အင်္ကျီချုပ်ရိုးကို တည့်အောင် မနည်းကြိုးစားကာ ထိန်းကိုင်လျက် နှင်းနေ၏။

မြင်းပျံပွဲရုံသည် မျက်စိရှေ့၌ ပေါ်နေကာ တစ်ဖက်က ဘော်လီအင်္ကျီချုပ်နေသော စက်သံများ ဆူညံနေလျက် တစ်နေရာတွင် ကိုသန်းမြိုင်သည် ဆန်များကို လက်ဝါးပေါ်၌ တင်ကာ မမှိတ်မသုံ စိတ်ဝင်စားစွာ ရှုစားလျက် ရှိနေ၏။

ပြကွက်သုံးဘက် တစ်ချိန်တည်း တစ်ပြိုင်တည်း ထင်မြင်ပေါ်ပေါက်လာသော အာရုံထဲတွင် အားလုံး ရှုန်းရင်းဆန်ခတ် ဖြစ်သွားကြကာ တဖြည်းဖြည်းဝါးသွားလျက် နောက်ဆုံး ချုပ်ရိုးကြောင်းကို ကောင်းကောင်းမမြင်ရတော့သဖြင့် ဝဲနေသော မျက်ရည်များကို သုတ်ပစ်လိုက်ရသည်။

တင်မလေးသည် စက်မနင်းဘဲ တအောင့်လောက်ငြိမ်နေပြီးနောက် စက်ခုံမှ ထလိုက်သည်။ မီးအိမ်မမှုတ်ခင် မောင်လေးနှစ်ယောက် အိပ်နေသော ခြင်ထောင်ခြေရင်းက မီးခွက်ကို မြှောက်လျက် ကြည့်လိုက်သည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက် ရှိကြသော မောင်ကလေးများ၏ မျက်နှာကို စိုက်ကြည့်နေကာ ရင်ထဲတွင် တလှပ်လှပ် တဖိုဖိုဖြစ်လာသည်။ ရပ်နေလျှင် ညွတ်ယိုင်လဲကျတော့မတတ် ဖြစ်လာ၍ ခြေကို ဒရွတ်တိုက်ဆွဲကာ အိပ်ရာဆီသို့ လျှောက်သွားသည်၊

နံနက်ဘက် ပွဲရုံသို့ ထွက်ခဲ့ရာ နေမြင့်သွားသည်။ ဦးအောင်ညွန့်သည် ပွဲရုံသို့ စောစောရောက်နေကာ "တူမ ကြီး နေမကောင်းဘူးလား"ဟု လှမ်းမေးလိုက်သည်။ ဒေါ်လှဲ့သည် တင်မလေး၏ မို့နေသော မျက်လုံးများကို အကဲခတ်လျက် နူးစမ်းသော မျက်နှာဖြင့် နှုတ်ဆက်လိုက်၏။

တင်မလေးသည် ပြုံး၍ပင် ပြန်နိုင်ကာ တစ်စုံတစ်ရာ မပြောဘဲ စားပွဲခုံတွင် စာရင်းစာအုပ်ဖွင့်ကာ မနေ့က စာရင်းပေါင်းထားသော ဂဏန်းများ မှန်မမှန် ထပ်ပြန်ပေါင်းကြည့်နေသည်။

စောစောစီးစီးမို့ ဝယ်သူများ ရှင်းနေ၍ ပွဲရုံထဲ၌ ခြောက်ကပ်နေသည်။ တင်မလေးသည် စာရင်းပေါင်းရာက သတင်းစာထိုင်ဖတ်နေသော ဒေါ်လှဲ့ကို လှမ်းကြည့်ကာ "အဒေါ်လှဲ့ ကျွန်မ အိမ်ကို ပေါင်ချင်တယ်၊ ငွေလည်ရင် အပေါင်ခံပါ အဒေါ်လှဲ့ရယ်"ဟု လှမ်းပြောလိုက်သည်။

တင်မလေး၏ ခယဝတ္တပြောသံသည် ဒေါ်လှဲ့ကိုချောက်ချားသွားစေသည် 'ဘာများဖြစ်လာပါလိမ့်'ဟု အတွေးနက်သွားလျက် မျက်နှာကြီး မှုန်ကုတ်သွားသည်။

"ဘာဖြစ်လို့ ပေါင်ချင်တာလဲ"

"ကျွန်မ ငွေနည်းနည်း အသုံးလိုလို့ပါ၊ ပေါင်ပြီး အဒေါ်လှဲ့ကြွေးလည်း ဆပ်မှာပါပဲ။ ၂၀၀၀ ကျပ်လောက် လိုချင်ပါတယ်"

ဒေါ်လှဲ့သည် စဉ်းစားသလို မျက်လုံးကို ကစားလိုက်ရာ မိမိအား စူးစိုက်လျက် ကြည့်နေသော ဦးအောင်ညွန့်နှင့် သွားဆုံသဖြင့် မျက်စောင်းတစ်ချက်ထိုးလျက် တင်မလေးကို ပြန်ကြည့်လိုက်သည်။

"ငွေမလွယ်ဘူးကွယ်၊ အပေါင်ခံတဲ့ လူရှာပေးမယ်လေ"ဟု ဆိုလိုက်သည်။

တင်မလေးမှာ ဒေါ်လှဲ့ ဆေးရောင်း၍ ရသမျှ အမြတ်ငွေများကို "အေ–စကော့"ဘဏ်တိုက်တွင် လူမသိအောင် တိတ်တိတ်သွင်းထားမှန်း သိရသော်လည်း မိမိကို ဖွင့်ဟမပြော၍ မစပ်စုဘဲ အေးအေးပင် နေလိုက်သည်။

ငွေမလွယ်ဘူးဟု ပြောလိုက်သောစကားတစ်ခွန်းသည် နားထဲ၌ နင့်သွားလေသည်။ နောက်မှ...မပေးချင်တာဘယ်တတ်နိုင်မလဲ၊ ဒီလောက်စောင့်ရှောက်တာပဲ ကျေးဇူးတင်လှပါတယ်ဟု နားထဲနင့်သွားခြင်းကို ချက်ချင်းဖြေပစ်လိုက်ရသည်။

"ရှာပေးစမ်းပါ အဒေါ်လှဲ့ရယ်"ဟု စကားဖြတ်လိုက်သည်။

တစ်ညလုံး မအိပ်နိုင်ခဲ့ဘဲ ရှေ့ရေးအတွက် စဉ်းစားခဲ့သည်။ အိမ်ထောင်မပြုဘဲ ကြီးတော် အကြံပေးသလို အိမ်ကို ပေါင်လျက် တဘက်တလမ်းမှ စက်များ ထပ်ဝယ်ကာ လူငှားနှင့် ဘော်လီချုပ်မည်။ မြင်းပွဲရုံ၏ အလုပ်ကို ဝတ္တရားမပျက် ဆက်လက် ဆောင်ရွက်လုပ်ကိုင်သွားမည်။ ဒေါ်လှဲ့

၏ ကျေးဇူးတရားကို မမေ့ဘဲ လူကွဲမရမချင်း လုပ်ပေးမည်။

အိမ်က သည်အတိုင်း စိတ်ကို ပိုင်းလာခဲ့သည်။ အကြံအစည်များကား ထင်တိုင်းမပေါက်ချေ။

* * *

## (၆)

ယခုတစ်ပတ် ပြေးရန် မိုးနတ်မယ်ကို ပြိုင်ပွဲသွင်းထားလိုက်သည်၊

ဒေါ်လှဲ့သည် တင်မလေးကို မြင်းပွဲစိတ် ပါလာအောင် မသိမသာ သွေးဆောင်မှုဖြင့် ကြိုးစားဖူးခဲ့သည်၊ မြင်းပွဲအကြောင်းကို အပတ်တိုင်း နားရေဝအောင် ပြောပြထားခြင်းဖြင့် တစ်စစ ယဥ်ပါးလာစေမည်ဟု တစ်ပတ်တစ်ခါ စိတ်ဝင်စားအောင် ပြောပြသည်။

ပွဲသွင်းတိုင်း ရှုံးနေသော မိုးနတ်မယ်ကလေးကို မိမိကံနှင့် မစပ်၍သာ မနိုင်ခြင်း ဖြစ်နေသည်။ တင်မလေး ဝင်လောင်းလျှင် နိုင်မနိုင် ကံစမ်းကြည့်ချင်သည်။

"မြင်းပျံပွဲရုံ"ကား တင်မလေးပါ၍ နေရာကျကာ စီးပွားအတော်ဖြောင့်နေသည်၊ မြင်းဘက်သို့ တင်မလေး ပါလာလျှင် မိမိ၌ ဝိုက်ဆံတွေ ထားစရာပင် ရှိမှာမဟုတ်ဟု အယူသီးထား၏။

နက်ဖြန် မြင်းပွဲသို့ တင်မလေးကို ပါအောင် ခေါ်သွား ချင်သည်၊ မိုးနတ်မယ်ကို တင်မလေး ငွေ ၅ ကျပ်၊ ၁၀ ကျပ် ထိုးလောင်းအောင် ဆွယ်တရားဟောမှ ဖြစ်မည်။ တင်မလေး ငွေလောင်း၍ ပေါက်ခဲ့လျှင် လာမည့် လွှတ် လပ်ရေးသမတဖလားပွဲကို ချိတ်မည်ဟု ရည်မှန်းထားသည်။

ဒေါ်လှဲ့မှာ သမတဖလားပွဲ၊ ဆုငွေတစ်သောင်းငါး ထောင်ကို ယူလျက် သမတကြီးရှေ့မှောက်ရောက်အောင် ကျော်စော ထင်ရှားချင်နေသည်။ မြင်းမွေးကတည်းက သည်ပွဲကြီးကို ချိန်ထားပြီးဖြစ်သည်၊

မြင်းပွဲမတိုင်မီ စနေနေ့၌ ဒေါ်လှဲ့သည် မြင်းအတွက် အလုပ်များနေသည်ဟု ပွဲရုံသို့ မဆင်းဘဲ အကြောင်းကြား လိုက်သည်။ ညနေ ပွဲရုံသိမ်းပြီး နေ့စဉ်ရောင်းရသော ငွေ များကို ဒေါ်လှဲ့မသွားလျှင် ဒေါ်လှဲ့အိမ်သို့ ဝင်ပို့အောင် အစီအစဉ်ဖြင့် ပွဲရုံမဆင်းဘဲ နေလိုက်ခြင်း ဖြစ်သည်။

ညနေဘက် တင်မလေး ပေါက်လာလေသည်။

ဒေါ်လှဲ့သည် မြင်းစောင်းရှေ့၌ ရပ်လျက် တင်မလေး ကို "ဒီမှာ တင်မလေးရေ ဒီကိုလာ"ဟု ခေါ်လိုက်သည်။

တင်မလေးမှာ ဘကြီးညွန့်ကို နှုတ်ဆက်လျက် ဒေါ်လှဲ့ နားသို့ လျှောက်လာသည်။

"ဒီနေ့မလာနိုင်ဘူး တင်မလေးရယ် သူ့ကို မှန်ကြည့် သလို ကြည့်နေရတာ၊ နက်ဖြန် ပွဲသွင်းမှာ ဆိုတော့ ဒီနေ့ သိပ်ဂရုစိုက်ရတာပဲ၊ ဘယ်လောက်ရောင်းခဲ့ရသလဲ"

တင်မလေးသည် လွယ်အိတ်ကို ကမ်းပေးလိုက်ကာ "ထောင့်ခြောက်ရာဖိုး ရောင်းရပါတယ်"ဟု ဆိုသည်။

"နေပါဦး...ယူထားပါဦး...ဟဲ့ မနုရေ ငွေဖလားနဲ့ ရေတစ်ခွက် ခပ်ခဲ့စမ်း"

ဒေါ်လှဲ့သည် တန်းပေါ်၌ မေးတင်လျက် ကောက်ရိုးဝါးနေသော မိုးနတ်မယ်၏ ဦးဆံကို လက်ဝါးနှင့် ပွတ်သပ်ပေးကာ "မြင်းလ ဖွေရှိတာပဲ တင်မလေးရဲ့"ဟု ပြောနေသည်။

တင်မလေးသည် လွယ်အိတ်ကို ဆုပ်လျက် မြင်းကို စိုက်ကြည့်နေသည်၊ ဒေါ်လှဲ့၏ သမီးကလေး မနုက ငွေဖလားနှင့် ရေခပ်လျက် ယူပြေးလာသည်။

ဒေါ်လှဲ့သည် တာမွေက ဒေါ်အေးထံမှ နမူနာယူလုပ်ထားသော စိန်နှင့်မြ ချယ်တန်းလက်စွပ်ကြီးကို ချွတ်လိုက်ကာ ငွေဖလားထဲသို့ ထည့်လိုက်သည်။ တင်မလေးက ငေးကြည့်နေသည်။

"ပွဲမသွင်းခင် ရွှေရေ ငွေရေလောင်းရတယ် တူမရဲ့၊ ငါ့တူမကြီးနဲ့ စီးပွားဘက် လုပ်လာကြတာ ကြာပြီ၊ တစ်ခါမှ မြင်းနဲ့ ကံစပ်မကြည့်ဘူးသေးဘူး၊ ဒီက နိုင်လည်း အလုပ်ထဲ သုံးရမှာ အဆင်သင့်လိုက်တာ၊ ကံစပ်ကြည့်ရအောင် တင်မလေး လက်စွပ်ကလေးလည်း ထည့်ပါအေ"

တင်မလေးမှာ ဣန္ဒြေမဆယ်နိုင်ဘဲ အသံထွက်အောင် ရယ်နေလေသည်။ ထို့နောက် ဘာမှ အပန်းမကြီးသကဲ့သို့

ဒေါ်လှဲ့ကျေနပ်အောင် လက်ထဲက မောင်းကွင်းရွှေလက်စွပ်ကလေးကို ချွတ်လျက် ဖလားထဲသို့ လှမ်းထည့်လိုက်သည်။

ဒေါ်လှဲ့သည် အနားရှိ သြဇာပင်မှ အညွန့်ကလေးတစ်ခက် လှမ်းဆိတ်ချိုးလိုက်ကာ ဖလားထဲမှ ရေထဲတွင် နှစ်ဆွတ်ပြီး မိုးနတ်မယ်၏ ခေါင်းပေါ်တွင် ခါတောက်ဖျန်းနေသည်။

"နိုင်ပါစေ...သတ္တိတန်ခိုး ထက်ပါစေ၊ အမေ့ရွှေရေတင်မလေး ရွှေရေလောင်းပါတယ်၊ တို့များ စီးပွားဖြစ်ပါစေ၊ ကိုင်း...မေ့သမီးကြီး ပြေးစမ်းကွယ်"

တင်မလေးမှာ တခစ်ခစ်ရယ်နေသည်။ ဒေါ်လှဲ့လည်းစပ်ဖြီးဖြီးမျက်နှာနှင့် ပြောင်သလို နောက်သလိုဟန်ဖြင့် ရွှတ်ဖတ်အမိန့်ပေးပြီး ရယ်မောနေ၏။

ဦးအောင်ညွန့်သည် ဖောင်းဘက်သို့ လှမ်းကြည့်နေကာ မဲ့ပြုံးလျက် ပါးစောင်တွင် ဆေးပြင်းလိပ်ကြီးကို ခဲကိုက်ထားလိုက်သည်၊

"နက်ဖြန် တင်မလေးရယ် အဒေါ်လှဲ့နဲ့ လိုက်ကြည့်ပါ၊ မိုးနတ်မယ် ပြေးတာ ပြချင်လွန်းလို့ လိုက်ကြည့်လှည့်စမ်းပါ၊ မင်းဘားစတင်းမှာ တံဆိပ်တစ်ခုယူထားမယ်၊ ဂုဏ်သရေရှိတာတွေချည်း လာကြတာပါ၊ ဗိုလ်ချုပ်ကတော်၊ တရားဝန်ကြီးကတော် ဝန်ကြီးကတော်၊ အတွင်းဝန်ကတော်တွေ အဲ သူတို့တစ်တွေအပြင် သူဌေးကတော်တွေ၊ အရာရှိ

အရောင်စုံကတော်တွေ၊ အို…ကောလိပ်ကျောင်းသူကလေးတွေ ပါ လာတာပါ၊ မင်းပွဲစိုးပွဲ ဂုဏ်သရေရှိတွေလာတဲ့ ပွဲမျိုးပါ တင်မလေးရဲ့ မိုးနတ်မယ်ပြေးတဲ့အပတ် တစ်ခါလောက် လိုက်ကြည့်ပါ"

တင်မလေးသည် ပြုံးလျက် ဒေါ်လှဲ့အား စိမ်းစိမ်း စားစား ငေးကြည့်နေသည်။

"တကယ်ပါ တင်မလေးကို ပြချင်တယ်၊ မိန်းမတွေ ဝတ်စားဖီးလိမ်းလာလိုက်ကြတာ ဖက်ရှင်ပဲတော့၊ ဗိုလ်မတွေ လိုပါပဲ ကော့ပျံဖုကြွနေတာပဲ၊ ရန်ကုန်တစ်မြို့လုံးရဲ့ မျက်နှာ ဖုံးတွေ အကုန် ဟိုမှာ စုကြတာ"

တင်မလေးသည် ဒေါ်လှဲ့၏မျက်ခုံး၊ မျက်လုံး မျက်နှာ နေ မျက်နှာထား ပြောပုံ ဆိုပုံ ဟန်ပါလှုပ်ခြင်းကို စိုက်ကြည့် ကာ တခစ်ခစ်ရယ်နေသည်။

"လိုက်ခဲ့နော် တစ်ခါတလေ လိုက်တာပဲ ရောက်ဖူး ပေါက်ဖူးရုံပေါ့"

ဒေါ်လှဲ့နှင့် တင်မလေးသည် အိမ်ထဲသို့ ပြန်ဝင်လာခဲ့ ကြသည်။ ဒေါ်လှဲ့မှာ တင်မလေး အင်းမလှုပ်၊ အဲမလှုပ် လုပ်နေသဖြင့် စိတ်ထဲတွင် ယားကျိကျိဖြစ်ကာ မပါ–ပါ အောင် ဘယ်ပုံခေါ်ရမလဲဟု စဉ်းစားရသဖြင့် ခေါင်းခြောက် လာသည်။

တင်မလေးသည် အိမ်ထဲရောက်မှ အားနာနာနှင့် ပြုံး လျက် "နောက်တစ်ခါမှ လိုက်ပါမယ် အဒေါ်လှဲ့ရယ်"ဟု ဆိုလိုက်သည်။

"မိုးနတ်မယ်ကို ဒီပွဲပြေးပြီး အနားပေးထားဦးမှာ လိုက်ရင်လဲ နက်ဖြန်ပဲ လိုက်ခဲ့ပေါ့၊ စောင့်နေမယ်၊ ငါ တူမကြီး လာမှ သွားမယ်"

တင်မလေးသည် စားပွဲပေါ်၌ အထပ်လိုက် တင်ထားသော တံဆိပ်စာရွက်များကို လှမ်းယူလိုက်ရာ ဒေါ်လှဲ့မှာ မျက်နှာပျက်သွားပြီး ချက်ချင်း ပြန်ပြင်လိုက်သည်။

မြင်းပျံတံဆိပ်ဖြင့် တင်မဝင်း ဆေးလိပ်တံဆိပ်များ ဖြစ်နေသည်။

"ဒါ ဘယ်ကလဲ အဒေါ်လှဲ့"ဟု မျက်ခုံးကို မလျက် မေးလိုက်သည်။

"အိမ်မှာ ဆေးလိပ်ခုံထောင်မလားလို့ပါ တင်မလေး ရယ်...အပုကို တင်မဝင်းလို့ နာမည်ပြောင်းထားတယ်၊ တစ်ပတ်တုန်းက တင်မဝင်း မြင်းနာမည်နဲ့ နည်းနည်းပါးပါး နိုင်ဖူးလို့ ဒီအတိုက်ယူပြီး နာမည်ပြောင်းထားတာပါ။ မြင်းစရိတ်ပဲကာမိကာမိ၊ တောကတူမတွေကလည်း အလုပ် မရှိကြတော့ သူတို့လည်း အလုပ်ပေးမလားလို့"

တင်မလေးကိုယ်စား အပုကို တင်မဝင်း နာမည်ပြောင်း လျက် ဉာဏ်နီဉာဏ်နက်ထုတ်ကာ မြင်းပျံတံဆိပ်ဖြင့် ဆေး လိပ်ခုံထောင်ချင်မှန်း ဦးအောင်ညွှန့်သာ ဒေါ်လှဲ့အကြံကို ရိပ်မိ၏။

တင်မလေးသည် ဆေးလိပ်ပတ်စာရွက်ကလေးကို ပြန် ငုံ့ကြည့်ကာ "ကောင်းသားပဲ အဒေါ်လှဲ့"ဟု ဆိုလိုက်သည်။

တင်မလေးအပြန်တွင် ဒေါ်လှဲ့က နက်ဖြန်ဆက်ဆက် လာရန် ပြောနေသည်။ ရေငတ်သလိုလည်း မှာနေသည်၊ တင်မလေးမှာ အားနာနာဖြင့် "ဟုတ်ကဲ့ လိုက်တာပေါ့"ဟု ဆိုကာ အိမ်ဘက်သို့ ထွက်ခဲ့သည်။

နောက်တစ်နေ့နံနက်၌

မိုးနတ်မယ်ကို စီးမည့် ချော်ကီထွန်းနိုင်သည် မြင်း ဇောင်းထဲ၌ မိုးနတ်မယ်ဘေးတွင် ကန်တော့ပွဲကြီးမြှောက် ကိုင်လျက် ဆောင့်ကြောင့်ထိုင်နေသည်။

ဒေါ်လှဲ့သည် မြေပေါ်၌ မိန်းမပီပီသသ ထိုင်ကာ မျက်စိများမှိတ်လျက် လက်ကို နဖူးထိပ်၌ထားကာ ရှိခိုး နေ၏။

"ဘကြီးညွန့် အဒေါ်လှဲ့ကော"

ဒေါ်လှဲ့သည် ပါးစပ်မှ အသံမထွက်ဘဲ ဆီမန်းမန်း သလို လုပ်နေစဉ် တင်မလေးအသံကို ကြားလိုက်၍ မျက်လုံး ကို ဇတ်ခနဲဖွင့်ကာ အိမ်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဇောင်းထဲမှာ ကန်တော့ပွဲထိုးနေတယ်၊ လာကွယ် ထိုင်ပါ တူမကြီး"

ဒေါ်လှဲ့မှာ မနက် စောစောစီးစီးကြီး တင်မလေးပေါက် လာခြင်းကို ဘာမှန်းမသိ ရင်ထဲ၌ ထင်သွားသည်။ ကိစ္စကို မြန်မြန်ပြီးအောင် လုပ်လျက် ဇောင်းထဲမှ ကပျာကသီထွက် လာခဲ့သည်။

တင်မလေးသည် ချိုပြုံးစွာ ဒေါ်လှဲ့ကို လှမ်းကြည့်နေသည်။ ဒေါ်လှဲ့မှာ ရွှင်ချိုနေသော တင်မလေးမျက်နှာကို မြင်မြင်ချင်း "ကန်တော့ပွဲပေးနေတုန်း ရောက်လာတာနိုင်မှာပဲ"ဟု အတိတ်ကောက်လိုက်ကာ ဝမ်းသာအားရ အနားသွားထိုင်သည်။

"စောစောစီးစီး လမ်းလျှောက်သလား"

တင်မလေးသည် ဘကြီးညွန့်ကို လှမ်းကြည့်ပြီးမှ ဒေါ်လှဲ့၏ မျက်နှာကို အားနာသလို ပြုံးကြည့်လျက်—

"ကိစ္စရှိလို့ စကားအေးအေးဆေးဆေးပြောချင်တာနဲ့ လာတာပါ အဒေါ်လှဲ့"

"ဘာကိစ္စများတုန်း"

ဒေါ်လှဲ့၏ မျက်ဝန်းမှာ ကျယ်သွားကာ ပါးစပ်အနည်းငယ် ဟနေလျက် တင်မလေးအား တစ်ခါမှ မမြင်ဖူးသလို ငေးကြည့်နေ၏။

"ကိစ္စကတော့ တခြားမဟုတ်ပါဘူး၊ အဒေါ်လှဲ့ရယ်၊ ကျွန်မအိမ်ထောင်ပြုမယ်လို့ ဆုံးဖြတ်လိုက်လို့ပါ"

"ဘယ်သူနဲ့တုန်း ဘာသံမကြား ညာသံမကြား"

ဒေါ်လှဲ့သည် ကမူးရှူးထိုး ဝင်မေးလိုက်သည်။ ဦးအောင်ညွန့်သည် တင်မလေးကို ပြုံးလျက် ကြည့်ကာ အားရသည့်ဟန်ဖြင့် ခေါင်းကို ညင်ညင်သာသာ ညိတ်နေလေသည်။

"ရန်ကုန်က မဟုတ်ပါဘူး ကျိုက်လပ်ကပါ။ ကြာပါပြီ ကျွန်မအိမ်ထောင်ပြုရကောင်းမကောင်း စဉ်းစားနေတာ ညက သူရောက်လာပြီး မမျှော်လင့်ဘဲ အိမ်ထောင်ပြုဖို့ နားပူနားဆာ လာလုပ်တယ်၊ ကြီးတော်ကလဲ အတင်းဝင်နားချတယ်၊ ဒါနဲ့ ကျွန်မလည်း လက်ထပ်ဖို့ ကတိပေးလိုက်ရတယ်"

ဒေါ်လှဲ့မှာ မူးဝေလာကာ ရင်ထဲတွင် တလှပ်လှပ်ဖြစ်နေသည်။ ပျက်နေသော မျက်နှာကို မနည်းကြီး ဟန်ဆောင်လျက် အသံကိုလည်း လေအေးနှင့်ဖြစ်အောင် "ကောင်းသားပဲ လောကဓံတရားအတိုင်းပေါ့ ဖြစ်လိုက်ပျက်လိုက်"

တင်မလေးမှာ ဒေါ်လှဲ့၏ ပါးစပ်မှ သည်လိုစကားမျိုး မမျှော်လင့်မိပေ။ လောကဓမ္မတာ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့် စသည့် စကားမျိုးသာ ပြောလိမ့်မည်ဟု ထင်ခဲ့သည်။ ဘယ့်နှယ်စကားပြောပါလိမ့်ဟု အောက်မေ့ကာ–

"အခုပျက်ဖို့မရှိဘူး၊ ဖြစ်ဖို့ပဲ ရှိတော့တယ် အဒေါ်လှဲ့" ဟု ရွှတ်ပြောလိုက်သည်၊

ဒေါ်လှဲ့မှာ စကားတွေ တောင်ရောက် မြောက်ရောက် အမှားမှားအယွင်းယွင်းဖြစ်ကုန်ခြင်းကို သတိပြန်ထားလျက် "အေးလေ ကောင်းတာပေါ့၊ လောကကြောင်း တင့်တယ်တာပေါ့"ဟု ဆိုလိုက်သည်။

"ကောင်းတယ် တူမကြီး၊ ဦးတော့ ဝမ်းသာပါတယ် ကွယ်၊ သူငယ်က ဘာအလုပ်အကိုင် လုပ်သလဲ"ဟု ဝင်မေးလေသည်။

ဒေါ်လှဲ့မှာ ဦးအောင်ညွန့်ကို မျက်စောင်းထိုးချင်လျက် တင်မလေးမြင်မှာ စိုး၍ အတင်းချုပ်တည်းထားရသည်။ ဘယ်လိုပင်ဖုံးဖုံး ဘီးလူးရုပ်ကား ပေါ်နေလေ၏။ ရန်ကုန်က မဟုတ်ဘူးဆို၍ လင်ရရင် မိမိအလုပ်ကို ဆက်လုပ်လိမ့်မည် မဟုတ်ဟု တွက်ကာ အသက်ကို ပြင်းထန်စွာ ရှူထုတ်နေသည်။

တင်မလေးမှာ ဒေါ်လှဲ့၏ ပုံပန်းကို ပထမ အံ့အားသင့်သွားသည်။ မိမိမှာ ဒေါ်လှဲ့ကို အမေရင်းကဲ့သို့ ချစ်ခင်အားကိုးခဲ့သည်။ အိမ်ထောင်ပြုမည်ဟု ပြောလိုက်၍ မိမိအား ရန်သူကြီးသဖွယ် ဖြစ်သွားသော သဘောထားကို ရင်ထဲ၌ ဝမ်းနည်းပက်လက် ဖြစ်သွားလေသည်။

ဒေါ်လှဲ့က ဝမ်းတွင်းမနော့ကို မပေါ်အောင် ဖုံးလျက် ကြိုးစားဟန်ဆောင်နေသကဲ့သို့ တင်မလေးမှာလည်း ဒေါ်လှဲ့၏ ဝမ်းတွင်းသဘောကို မရိပ်မိသလို ကြိုးစားဟန်ဆောင်လျက် ပြုနေရသည်။

"တောမှာ ဆန်စက်လုပ်မလို့ပါ"

ဦးအောင်ညွန့်သည် စိတ်ဝင်စားကာ အူလိုက်သဲလိုက်သံဖြင့် "ဟော...ဘယ်က စက်တုန်း၊ နာမည် ဘယ့်နှယ်ခေါ်သလဲ"ဟု ကောက်မေးကြည့်လိုက်သည်။

"စက်က အခုမှတည်တုန်း ပြီးခါနီးပါပြီ၊ နာမည်တော့ မပေးရသေးဘူး၊ ညက ကျွန်မကို နာမည်ရွေးပါလို့ သူက ပြောတာနဲ့ စဉ်းစားပြီး "သိန္ဓောဆန်စက်"လို့ နာမည်ပေး လိုက်တယ်၊ ကောင်းရဲ့လား ဘကြီးညွှန့်ရဲ့"

ဦးအောင်ညွှန့်သည် ရုတ်တရက် ကြက်သေသေသွား ပြီးမှ သတိရသလို ပေါင်ကို လက်ဝါးနှင့် တအား ဖြန်း ခနဲ ရိုက်လိုက်ကာ "ကောင်းလိုက်တဲ့ နာမည်ကွာ၊ ငါ့တူမ ကြီးက အလာကြီးပဲ"ဟု အော်ပြောလိုက်သည်။

ဒေါ်လှဲ့မှာ "သိန္ဓောဆန်စက်" ဟု ကြားကြားချင်း အသားများ နတ်ဝင်သလို ဆတ်ဆတ်တုန်သွားလေသည်။ ဦးအောင်ညွှန့်ကို ဒီလိုပြောနေရမလားဟု ထကန်လိုက်ချင် လျက် မကောင်းတတ်လွန်း၍ အောင့်အည်းချုပ်တည်းနေ ရသည်။

"ကျွန်မ နာမည်ပေးတတ်လို့ မဟုတ်ပါဘူး ဘကြီး ညွှန့်ရယ်၊ မနေ့က အိပ်မက်ထူးလို့ပါ"

ဒေါ်လှဲ့သည် မဲ့ပြုံးလျက် နားထောင်နေရာက 'အိပ် မက်ထူး'ဆို၍ ရင်ထဲခုန်သွားကာ ဘာအိပ်မက်မှန်း အသေ အလဲသိချင်မိသည်။

"ဘာအိပ်မက်တုန်းအေ့"

တင်မလေးသည် ဒေါ်လှဲ့ကို မျက်တောင်များ စင်းကျ ကာ ကြည့်လျက် ခပ်ပြုံးပြုံးပင် "အိပ်မက်က ဘယ်သူ့မှ ပြောလို့မဖြစ်လို့ပါ"ဟု လေသံခပ်ပျော့ပျော့ကလေးဖြင့် ပြောလိုက်သည်။

ဦးအောင်ညွန့်ရင်ထဲ၌ ဟားတိုက်လျက် ရယ်မောလိုက်သော သူ့အသံကို သူတီတ်တိတ် ကျိတ်နှားထောင်ကာ မျက်တောင်ကို တဖျပ်ဖျပ်ခတ်နေလျက် မျက်လုံးကို ပေလပ် ပေကာလပ်လုပ်နေရ၏။

ဒေါ်လှဲ့သည် မေးကြောကြီးများ ပေါ်လာအောင် ခံတွင်းထဲက ရှိုစုမဲ့စုသွားများကို တအားကြိတ်ထားလျက် တင်မလေးအား အမြင်ကပ်သောအကြည့်ဖြင့် ခပ်ချဉ်ချဉ်ကြည့်ပြီး နှုတ်ခမ်းတစ်ခြမ်း ပြုံးထားသည်။

တင်မလေးမှာ ဒေါ်လှဲ့၏ ဝမ်းထဲက အူသိမ်အူမပါ မြင်နေရသလို စင်းစင်းကြီး မြင်နေကာ ယူကျုံးမရဖြစ်သွားမိသည်။

တစ်ချိန်လုံး ဒေါ်လှဲ့၏ ကျေးစူးဂုဏ်ကို ဦးခိုက်လျက် အာရုံပြုထားသည်။ ရင်ထဲ၌ရှိသော အလုံးကြီးမှာ ဖိနှိပ်ထား လျက်နှင့် ကျောက်ကန် ပွင့်အန်ထွက်သွားလေ၏။

"ဒေါ်လှဲ့ရဲ့ ကျေးဇူးကို ကျွန်မ ဘယ်တော့မှ မမေ့ပါဘူး"

တင်မလေး၏ အသံမှာ ချိနဲ့လျက် အားယူ၍ ပြောရသောအသံမျိုးနှင့် တူနေသည်။

"အို...ကိစ္စမရှိပါဘူး၊ ပွဲထဲက ပြောတာမျိုးလိုပေါ့အေ၊ ကျေးဇူးသိပ်တင်တာပဲ၊ ဆပ်ရမဲ့ ကျေးဇူးတွေက များလွန်းလို့ မကုန်နိုင်လွန်းလို့ မဆပ်တော့ဘူး...ဆိုတာမျိုးလိုပေါ့အေ"

ခေါင်းခါခါ လည်ခါခါပြောလျက် ဒေါ်လှဲ့သည် တဟဲ ဟဲ ရယ်နေ၏။

တမင်လုပ်၍ ရယ်သောအသံဖြင့် ရယ်ရွှမ်းပတ်ရွှမ်း ပြောကာမှ ပိုဆိုးသွားမှန်းကို ဒေါ်လှဲ့မှာ မသိအောင် သတိ လစ်လျက် မွှန်နေလေသည်။

မိမိအား မပြောသင့်မပြောထိုက်တာတွေ ဆင့်ကဲလွန် ကဲပြောနေသောကြောင့် တင်မလေးမှာ သည်တော့မှ ပြီးပြီ ဟု သူ့စိတ်ကိုသူ ဖြတ်လျက် ဒေါ်လှဲ့၏ မျက်နှာကို ဝမ်း နည်းစွာ လှမ်းကြည့်လိုက်သည်။

"ကျွန်မယူထားတဲ့ ငွေကို ညနေလာပေးပါမယ်။ အလုပ်စာရင်းတွေလည်း ကျွန်မ အားလုံး ရှင်းရှင်းလင်းလင်း လုပ်ထားပါတယ်။ ဒီနေ့မြင်းပွဲတော့ မလိုက်သေးဘူး အဒေါ် လှဲ့ရယ်၊ ကျွန်မ ပြန်တော့မယ်နော်"

တင်မလေးသည် မျက်နှာမကောင်းစွာဖြင့် ထလျက် ဒေါ်လှဲ့၏ အိုးမဲသုတ်ထားသော မျက်နှာကို မကြည့်လိုတော့ ဘဲ ဦးအောင်ညွှန့်အား နှုတ်ဆက်ကာ ထွက်လာခဲ့သည်။

ဒေါ်လှဲ့သည် ဦးအောင်ညွှန့်အား မျက်စောင်းကြီး လှည့်ထိုးထားသည်။ ဦးအောင်ညွှန့်မှာ ဆေးပြင်းလိပ်တိုကို မြိန်မြိန်ဖွာကာ ရှေ့သို့ ငေးလျက် ရှိသည်။

"သေခြင်းဆိုးကြီး မျက်နှာကိုက မထေမဲ့မြင်နဲ့ ဟို ကောင်မရှေ့မှာမို့ အောင့်နေတာ၊ ကဲ ပြောစမ်း"

ဦးအောင်ညွှန့်သည် ပြုံးမဲ့လျက် ဒေါ်လှဲ့ဘက်သို့ မျက်လုံးစွေကြည့်လိုက်သည်။

"ဘာပြောရမလဲကွဲ့၊ ပြောစရာ မရှိပါဘူး၊ သူ့မြင်း သူ့ဆီပြန်သွားပြီပဲဟာ"

ဒေါ်လှည့်သည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် ဦးအောင်ညွှန့်ရှေ့၌ မတ်တတ်ထရပ်လိုက်သည်။

"ဘယ်နှယ် သူ့မြင်းသူ့ဆီပြန်သွားပြီ ဟုတ်လား၊ ပြန်လိမ့်မယ် အားကြီးပြန်လိမ့်မယ်၊ မယ်လှဲ့တဲ့ တစ်လှဲ့ တည်းရှိတယ်၊ သူ့ကိုယ်စား အပုကို တင်မဝင်းလို့ ပုံတူ ယူထားတယ်၊ ဒီနေ့ ရှိသမျှ ပုံပြီး လောင်းပြလိုက်စမ်း မယ်၊ မြင်းပွဲက ငွေထုပ်ကြီး ပိုက်ပြန်လာတော့၊ တော့ကို အိမ်ပေါ်က ကန်အချပဲ၊ ကိုယ့်သချိုင်းသာ ကိုယ်ရှာထား တစ်ခွန်းပဲ"

ဦးအောင်ညွှန့်သည် ဆေးပြင်းလိပ်တိုကို ထွေးခံထဲ သို့ ပစ်လိုက်ကာ တံတွေးကို ပစ်ခနဲထွေးလျက်..."ငါ့အိမ် တော့ ထည့်မလောင်းနဲ့ ဒါပဲ"ဟု ဆိုလိုက်သည်။

တင်မလေး ငွေ ၂၀၀၀ ကျပ်ဖြင့် အိမ်ပေါင်စဉ်က ထုတ်ပေးနိုင်လျက် ထုတ်မပေးခြင်းကို ကြားထဲက မျက်နှာ ပူကာ အတော်စိတ်မကောင်း ဖြစ်ခဲ့ရသည်။ စိတ်နာခဲ့ရ သည်၊ ယနေ့တော့ ဖြစ်ချင်တာဖြစ်ဟု သတ္တိကို ပြောင်း ပြောင်းမွေးလျက်၊ နောက်ဆုံး တင်မလေးစက်ထဲ၌ ဒရဝမ် သွားလုပ်ရလုပ်ရဟု ပိုင်းဖြတ်ကာ မာရေကျောရေ ပြောပစ် လိုက်၏။

* * *

# (၇)

တင်မလေးသည် တစ်လမ်းလုံး ဒေါ်လှဲ့အကြောင်းကို တသိကြီး တွေးလာလေသည်၊ ညနေဘက် ရုံးဆင်းချိန်လွန်လာပြီဖြစ်၍ လမ်းပေါ်တွင် လူသွားလူလာကင်းရှင်းလျက်ရှိသည်။ လမ်းထိပ်ကွမ်းရာဆိုင်၌ ဆိုက်ကားသမားများ တဝါးဝါးရယ်မောလျက် စကားပြောနေကြသည်။

"ဘကြီးညွှန့်"

ဘကြီးညွှန့်သည် ဘေးသို့ လှည့်ကြည့်လိုက်သည်၊ တင်မလေးသည် သူ့ဘေးတွင် ရပ်လျက် လက်ထဲ၌ စက္ကူအိတ်ကြီးကို မြင်ရသည်။

"ဪ...တူမကြီးပါလား"

ဦးအောင်ညွှန့်သည် တင်မလေးနားသို့ ကပ်သွားသည်။ တင်မလေးမှာ ပြုံး၍နေသည်။ အနားကပ်လာပြီး အိပ်ခန်းထဲသို့ ပြန်လှည့်ကြည့်လျက် ပြီးမှ လှည့်၍ လေသံကလေးဖြင့် ကမန်းကတန်းပြောပြသည်။

“ဒီနေ့အိမ်က ရွှေတိုရွှေစတောင် မကျန်ဘူး၊ သူများဆီကလည်း ငွေမနည်းပါဘူး နှစ်သောင်းဆွဲလိုက်သေးတယ်၊ မိုက်မိုက်ကန်းကန်း ပုံလောင်းတာ မြင်းကန်လိုက်ပြီလေ ပြောင်ပြီ”

တင်မလေးသည် ရင်ထဲ၌ ဟိုက်ခနဲ ဖြစ်သွားကာ ဘကြီးညွန့်၏ မျက်နှာမှာ မျက်စိထဲတွင် မှိုင်းမှုန်သွားလေသည်။ တင်မလေး၏ ရင်ကား တဒိတ်ဒိတ်ခုန်လျက် ရှိလေသည်။

“မြင်းပွဲကပြန်လာပြီး မီးယပ်ချမ်းထသတဲ့၊ အခန်းထဲဝင်ပြီး အခန်းတံခါးပိတ်ထားတယ်၊ ဘကြီးတောင် ရှုံးလာမှန်း သူနဲ့ ပါသွားတဲ့ ကျော်ကီထွန်းနိုင်မယားပြောပြလို့ သိရတာ၊ မကောင်းဘူး တူမကြီး နည်းနည်းမှ မကောင်းဘူး”

တင်မလေးသည် မိမိရှေ့၌ အလွန်တရာ မျက်နှာပျက်နေသော ဦးအောင်ညွန့်၏ မျက်နှာကြီးကို ဆက်လက်၍ မကြည့်ရက်တော့ပေ။

ငွေ ၈၀၀ ကျပ်ကို ဘကြီးညွန့်သို့ ကမ်းပေးလိုက်ကာ ဦးအောင်ညွန့်၏ ခြေရင်းတွင် ဒူးခေါက်ထိုင်ချလျက် ဦးသုံးကြိမ်ချနေသည်။ ဦးအောင်ညွန့်သည် တင်မလေးကို ငုံ့ကြည့်နေ၏။ မျက်တောင်များ မှိတ်ကာ မှိတ်ကာ မျက်ရည်စက်များ စင်ကျလာသည်။

ကျေးဇူးရှင်မလေး…လိုရာဆန္ဒပြည့်စုံပါစေ…ပြည့်စုံပါစေ…”

**ဂျာနယ်ကျော်မမလေး**